ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ရှိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ပျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စိစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။ နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်

စိမ်းကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ရှမ်းပြည်နယ်သည် မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် ကချင်ပြည်နယ်နှင့် တရုတ်ပြည်နယ်၊ အရှေ့ဘက်တွင် လာအိုနိုင်ငံနှင့်ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီးနှင့် တောင်ဘက်တွင် ကယားပြည်နယ်တို့ဖြင့် နယ်နိမိတ်ခြင်း ထိစပ်နေပါသည်။ လုံရုံးကျေးရွာသည် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အတွင်းတည်ရှိသော သဖန်းကိုင်းအုပ်စုမှရွာခွဲတစ်ရွာဖြစ်ပါသည်။ မန္တလေး-လားရှိုးကားလမ်းမကြီးဘေး နောင်ချိုမြို့မှ အနောက်ဘက် ၂မိုင်ခန့်အကွာတွင်တည်ရှိပါသည်။ ကာလမ်းမမှ ရွာတွင်းသို့ ဖာလုံအနည်းငယ် မြေသားလမ်းဖြင့် ဝင်ရပြီးရွာရှေ့တွင် ၁၁၅ စစ်တပ်နှင့် ဘုရားတစ်ဆူရွာ၏ အနောက်တွင် မန္တလေး-လားရှိုးမီရထားလမ်း ရှိပါသည်။ ရွာ၏ပါတ်ပါတ်လည်တွင် ပြောင်းခင်းများရှိကာ ရွာကိုပါတ်ပြီး ချောင်းတစ်ချောင်း စီးဆင်းလျက်ရှိပါသည်။

သာမန်အားဖြင့် တစ်နှစ်လျှင် မိုးရွာသွန်းရက် ၉၀မှ ၁၃၀ထိ ရှိပြီးနှစ်ပါတ်လည် မိုးရေချိန်မှာ ၄၇လက်မ မှ၇၀လက်မ အထိရှိပါသည်။ မေလမှ အအောက်တိုဘာလအထိ မိုးရွာသွန်းပြီး အပူအချိန်မှာ ပူပြင်းသောရာသီတွင် ၆၁°မှ ၉၆°ဖာရင်ဟိုက်ထိရှိပြီး အေးမြသော ရာသီတွင် ၆၁°မှ ၉၆°ဖာရင်ဟိုက်ထိရှိပါသည်။

နောင်ချိုမြို့သည် ပင်လယ်ရေမျက်နှာပြင်ထက် ပျမ်းမျှအမြင့်ပေ ၂၇၅၀ တွင် တည်ရှိပြီး ကျေးရွာသည် အများအားဖြင့်ညီညာပြန့်ပြူးသော မြေဧရိယာများပေါ်တွင် တောင်ယာ စိုက်ပျိုးလုပ်ကိုင် စားသောက်ကြပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

လုံရုံးကျေးရွာ၏ သဘာဝအရင်းအမြစ်အနေဖြင့် ရွာအနောက်ဘက်တွင်ပါတ်ပြီး စီးဆင်းနေသော ချောင်းတစ်ခုနှင့် ယာခင်းများသာရှိပါသည်။ ဖြုန်းအုတ်အနည်းငယ်ထွက်ရှိသော်လည်း စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် အခြေအနေတွင်မရှိပါချေ။ ယခင်က မီးသွေးဖုတ်လုပ်ငန်း လုပ်ကိုင်ခဲ့ခြင်းကြောင့် သစ်တောပြုန်းတီးပြီးသစ်တောကျန်ရှိခြင်းမရှိတော့ပါချေ။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ - အိမ်ခြေဖဲ့အိမ်သာရှိသည်။ လူမျိုးရေးကွဲပြားမှု နည်းပါးပြီး လူဦးရေစုစုပေါင်း ၂၅၉ဦးသာ ရှိခြင်းကြောင့် တစ်အိမ်ထောင်လျှင် ၄.၁ ဦးနှုန်းသာ နေထိုင်သည်ဟု ဆိုရပါမည်။ ၁နှစ်အောက်မွေးကင်းစအရွယ်တွင်လည်း လက်ရှိစာရင်းပြုစုချိန်၌ ကျား၂ဦး၊

၅နှစ်အောက်တွင် ၁၉ဦးနှင့် ၁၅နှစ်မှ ၉နှစ်ကြား၊တွင် ၁၈ဦးသာ ရှိခြင်းကြောင့် စုစုပေါင်း ကလေးအရေအတွက်၃၉ဦးသာရှိပါသည်။ သို့သော်လူဦးရေ ၂၅၉ သာရှိသော ကျေးရွာငယ်တစ်ခုတွင် ယင်းမှာ လူဦးရေစုစုပေါင်း၏ ၁၅% မျှရှိသောကြောင့် လျော့နည်းသည်ဟုမဆိုသာချေ။ လူငယ်အနေဖြင့် ၁၂% နှင့် အလုပ်လုပ်နိုင်သော အရွယ်အပိုင်းအခြား၊တွင် ၁၈၃ ဦးဖြင့် ၇၀.၆၅% ရှိသောကြောင့် လုပ်သားအင်အား၊ကောင်းသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ သက်ကြီးရွယ်အို စုစုပေါင်း ၆၃ဦးသာ ရှိသောကြောင့် လူဦးရေနှင့် နှိုင်းစာလျှင် ၂.၃၁% သာရှိပြီး နည်းပါးသည်ဟုဆိုနိုင်ပါသည်။

(ခ) စီးပွား၊ရေးအခြေအနေ - (ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု) - လုံရုံးရွာဥစ္စာဓနအဆင့်ခွဲခြားမှုလေ့ကျင့်ခန်းအရ ချမ်းသာအိမ်ထောင်စု ၁၀၈၊ အလယ်အလတ် အိမ်ထောင်စု ၁၈၃၊ ဆင်းရဲအိမ်ထောင်စု၂၀နှင့်အလွန်ဆင်းရဲ အိမ်ထောင်စု ၁၅၃ရှိကာ မြေယာမဲ့ ၆အိမ်သာ ရှိပါသည်။ ကျန်၅၇အိမ်မှာ တစ်အိမ်ထောင်လျှင် ပျမ်းမျှမြေယာ ၇ဧကခန့်မျှပိုင်ဆိုင်ကြပါသည်။ ချမ်းသာ အိမ်ထောင်စုတို့သည် တိုက်အိမ်၊ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းဖြစ်ပါသည်။ အလယ်အလတ် အိမ်ထောင်စုတို့မှာမူ ကြွေပြားကပ်ဖြစ်ကာ ထွန်စက်၊ ကုန်ကား၊ လက်တွန်း၊ ထော်လာကျီ၊ ပြောင်းဈေးစက်တို့အပြင် အုတ်ကြမ်းကာ၊ တမံသလင်းခင်း၊ သွပ်မိုးဖြစ်ပြီး ဆင်းရဲအိမ်ထောင်စုတို့မှာ သွပ်မိုး၊ ထရံကာ၊ တမံသလင်းခင်းနှင့် အဆင်းရဲဆုံးအိမ်ထောင်စုတို့မှာ သွပ်မိုး၊ ထရံကာဝါးကြမ်းခင်း ဖြစ်ပါသည်။ ချမ်းသာအိမ်ထောင်စုတို့မှာ ဆိုင်ကယ်၊ စလောင်းနှင့် ရွှေလက်ဝတ်ရတနာပိုင်ဆိုင်မှုများကာ တစ်နှစ်လျှင်ဝင်ငွေသိန်း ၁၃၀ကျော်ရှိပါသည်။ အလယ်အလတ်အိမ်ထောင်စုတို့မှာ ရွှေလက်ဝတ်ရတနာပိုင်ဆိုင်မှု အသင့်အတင့်ရှိသေးပြီး တစ်နှစ်ဝင်ငွေ သိန်း၄၀ထိရှိပါသည်။ ဆင်းရဲအိမ်ထောင်စု ၂၀နှင့် အလွန်ဆင်းရဲအိမ်ထောင်စု ၁၅တို့မှာ အငှားလိုက်ကြပြီး ဆိုင်ကယ်၊ ခေါက်တီဗီနှင့် ရေဒီယိုတို့ပိုင်ဆိုင်ပါသည်။ ဆင်းရဲအိမ်ထောင်စုတို့၏ တစ်နှစ်ဝင်ငွေမှာ သိန်း၂၀နှင့် အလွန်ဆင်းရဲတို့မှာ တစ်နှစ်စုစုပေါင်းဝင်ငွေ ၈သိန်းဖော်ပြကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု - မြေယာမဲ့ ၆အိမ်ထောင်စုသည် အထိခိုက် အနစ်နာလွယ်ဆုံးမိသားစုများဖြစ်ပြီး၊ဖြေရှင်းနိုင်စွမ်းနည်းပါးပါသည်။ စားနပ်ရိက္ခာဖူလုံမှု အခြေပြဇယား၊အရ ၃လ အောက်သာဖြေရှင်းနိုင်သော မိသားစု ၃၃% ထိရှိပါသည်။ မြေယာထပ်မံ ချဲ့ထွင်မရတော့ခြင်းအပြင် ဝင်ငွေရသီးနှံတစ်မျိုးတည်းကို အားပြုစိုက်ပျိုးရခြင်းတို့ကြောင့် မြေဆီမြေဩဇာဆိုင်ရာ သက်ရောက်မှုကြုံတွေ့ရနိုင်ခြင်းသည်တို့သည် ထိခိုက်နစ်နာလွယ်မှု ဖြစ်ပေါ်စေနိုင်ပါသည်။ မိုးဦးနောက်ကျခြင်းကို ပိုမိုကြုံတွေ့လာရသဖြင့် ရာသီဥတုပြောင်းလဲခြင်းကို စတင်ခံစားရသည့် အခြေအနေဖြစ်ပါသည်။

(ဃ) ပညာရေးနှင့်ကျွမ်းကျင်မှုများ - လုံရုံးရွာတွင်စာမတတ်သူ ၂ ဦးသာရှိပြီး ၁ ဦးမှာ အသက် ၆၀ ကျော်နှင့် ကျန် ၁ ဦးမှာ ၆၀ နီးပါးရှိပြီဖြစ်သည်။ ၂ ဦးလုံးမှာ အမျိုးသမီးများဖြစ်ကြပါသည်။ မူလတန်း ပညာပြီးမြောက်မှုရာနှုန်း ၇၇.၇၃ ရှိနေကာ အမျိုးသမီးများက ၁၃ဦး ပိုပါသည်။ သို့သော် အလယ်တန်းပညာပြီးမြောက်မှုမှာ ၁၁.၃၄%၊ အထက်တန်း ၂.၁% နှင့်တက္ကသိုလ် ပညာပြီးဆုံးသူ

၀.၄၂% သာ အသိုးသိုးရှိနေသည်ကို တွေ့ရပါသည်။ တက္ကသိုလ် လက်ရှိတက်နေသူ ၁ဦးရှိပြီး အထက်တန်းတက်နေသူ ၂ဦး ရှိကာ အမျိုးသားများချည်း ဖြစ်ပါသည်။ အဆင့်မြင့်ပညာရေးတွင် အမျိုးသမီးတစ်ဦးမျှ မရှိကြောင်း ထင်ရှားစွာ တွေ့ရှိရပါသည်။ အမျိုးသမီးများအနက် အထက်တန်းပညာထိပြီးဆုံးသူမှာ ၂ဦးတည်းသာရှိသေးကြောင်း တွေ့ရှိရပါသည်။

(စ) **ကျားမဆိုင်ရာဆက်နွယ်မှု** - လုံရုံးရွာတွင်အမျိုးသမီးအဖွဲ့များရှိကာ ၂၀၀၈ခုနှစ်က ယူအင်ဒီပီအဖွဲ့ဝင်ရောက်ပြီး ငွေစုငွေချေးအဖွဲ့ ဖွဲ့ပေးခဲ့ဖူးပါသည်။ အမျိုးသမီးများ စုပေါင်းလုပ်ဆောင်တတ်သည့် အလေ့အထရှိသော်လည်း အမျိုးသမီးဦးဆောင်မှုနှင့် ဆုံးဖြတ်ချက်ချရာတွင် ပါ၀င်လုပ်ဆောင်နိုင်မှုတွင် ရိုးရာဓလေ့အတိုင်းသာဖြစ်ပါသည်။ သိသာထင်ရှားသည့် အမျိုးသမီး၊ အမျိုးသားခွဲခြားနှိမ့်ချဆက်ဆံခြင်းနည်းပါးပါသည်။

၄။ ကလ္လာအသိုးသိုး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန်များစွာအထောက်အကူပြုနိုင်ပါသည်။

(က) **ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်** - ဖွံ့ဖြိုးရေးကိစ္စရပ်များကို သာမန်အားဖြင့် အုပ်ချုပ်ရေးနှင့်ရပ်မိရပ်ဖအဖွဲ့တို့က တိုင်ပင်ဆုံးဖြတ်လေ့ရှိပြီး တစ်ရွာလုံးက ပူးပေါင်းပါ၀င်ပေးရလေ့ရှိပါသည်။ ရိုးရာဓလေ့အရဖွဲ့ထားသော အပျိုအဖွဲ့၊ လူပျိုအဖွဲ့တို့သည် သာရေးနာရေးကိစ္စရပ်များတွင် အထူးပါ၀င်ရလေ့ရှိပါသည်။ ရှမ်းလူမျိုးတို့ ရိုးရာဝုန်း မေတ္တာငွေစုအဖွဲ့နှင့် ရှမ်းစာပေသင်ကြားခြင်းကို ကျောက်မဲမြို့နှင့်ဆက်သွယ်လုပ်ဆောင်ပါသည်။ နောင်ချို့နှင့် ၃မိုင်သာ ဝေးခြင်းကြောင့် စီမံအုပ်ချုပ်မှုတွင် ထူးခြားသော အခက်အခဲမတွေ့ရှိရဟု ဆိုနိုင်ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်သူဖြစ်ပြီး ရွာပြင်ပနှင့် အဓိကဆက်သွယ်လုပ်ကိုင်ရသူ ဖြစ်ကာ သက်ဆိုင်ရာ အစိုးရဌာနများကို တာ၀န်ခံရသူလည်း ဖြစ်ပါသည်။

(ခ) **သီးနှံ၊သားငါးထုတ်လုပ်ရေးကလ္လာ** - လုံရုံးတစ်ရွာလုံးစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ပြီး ပြောင်းကို ၀င်ငွေရသီးနှံအဖြစ် စိုက်ပျိုးပါသည်။ ကြံကိုဒုတိယ၀င်ငွေရသီးနှံအဖြစ် ငွေရည်ပုလဲကုမ္ပဏီက သွင်းအားစုပံ့ပိုးမှုဖြင့် ပိုမိုစိုက်ပျိုးလာကြပါသည်။ ပိုးမွေးမြူခြင်းကို တရုတ်လုပ်ငန်းရှင်အဆက်အစပ်ဖြင့် စမ်းသပ်လုပ်ကိုင်နေသူ မိသားစု၂စုခန့်ရှိပါသည်။ ကျွဲ၊ နွားမွေးမြူခြင်းကို မြေယာအကန့်အသတ်ဖြစ်လာခြင်းကို အကြောင်းပြုပြီး မွေးမြူမှုကျဆင်းလာပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ** - ကျေးရွာအတွင်းရှိအခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများအဖြစ် အိမ်ဈေးဆိုင်ငယ် ၃ဆိုင်နှင့် ကျောင်းကြိုပို့လုပ်ကိုင်သူ တစ်ဦးသာရှိပါသည်။ နောင်ချို့နှင့်နီးခြင်းကြောင့် အခွင့်အလမ်းများသော်လည်း လက်ရှိမိမိရွာအတွင်းမှာခြေရှိနေသမျှအရပ်တပါးသို့သွားရောက်လုပ်ကိုင်ခဲပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု - ကျေးရွာတွင်ဆိုးရွားသည့် ကြီးမားသော သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြုံတွေ့ရဖူးခြင်း မရှိသော်လည်း ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ကိုကား အပူရှိန်တိုးမြှင့်လာခြင်းကို သတိပြုခံစားနေရပြီး ဖြစ်ပါသည်။ မိုးဦးနောက်ကျခြင်းကို ၃နှစ်ဆက်တိုက် ကြုံတွေ့ခဲ့ရပြီး သဘာဝဘေးစီမံခန့်ခွဲမှုကို ကျေးရွာအဆင့်တွင် သက်ဆိုင်ရာဌာနများက ပေါင်းစပ်လာမှသာ လုပ်ဆောင်ကြပြီး မည်သည့် ပုံမှန်စီမံခန့်ခွဲမှုမျှ မရှိသေးပါချေ။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု - စိုက်ပျိုးရေးတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နွေစပါးနှင့်မိုးစပါးအတွက် ထုတ်ချေးနိုင်သည်။ ထုတ်ချေးသည့်နှုန်းမှာ တစ်ဦးနှင့် တစ်ဦးမြေကေအပေါ်မူတည်၍ကွာခြားမှုရှိပါသည်။ အတိုးနှုန်းမှာတစ်လလျှင် (၀.၄၂ရာခိုင်နှုန်း) ဖြစ်ပြီး (၆) လပြည့်ပါကအတိုးနှင့် အရင်းတစ်ကြိမ်တည်းပေါင်းပြီးပြန်လည်ပေးဆပ်ရသည်။ ယူအင်ဒီပိက ၂၀၀၈ခုနှစ်တွင် ဝင်ရောက်ပြီးအမျိုးသမီး ၂၃ဦးအဖွဲ့ကို ငွေစုငွေချေးအဖွဲ့အဖြစ် ထူထောင်ပေးခဲ့ပါသည်။ ပက်မြန်မာငွေချေးအဖွဲ့က လက်ရှိတွင် ကျေးရွာအတွင်းရှိ အမျိုးသမီးများကို ဝိုင်းကြီးချုပ်ငွေချေးစနစ်ဖြင့် ချေးငွေထုတ်ပေးထားပြီး လိုအပ်သော သင်တန်းများ ထောက်ပံ့ပေးထားကာ အတိုးရယူပါသည်။ ပက်မြန်မာငွေချေးအဖွဲ့၏ အတိုးတွက်ပုံများမှာ ရှုပ်ထွေးပြီး နားလည်ရခက်ကာ အလွန်ဆင်းရဲအိမ်ထောင်စုများ အနေဖြင့်ပြန်လည်ပေးဆပ်ရန်ပင် အခက်အခဲကြုံတွေ့နေရသည်ဟု ထုတ်ဖော်ပြောဆိုကြပါသည်။ အခြားပုံမှန်နှင့် အတိုးနှုန်းနိမ့်သော ငွေကြေး ဝန်ဆောင်မှုအစီအစဉ်မရှိပဲ သီးနှံပွဲစားထံမှစိုက်ပျိုးရေးသွင်းအားစုများအတွက် ငွေယူထားပါက သီးနှံပေါ်ချိန်ပေါက်စျေးဖြင့် ၎င်းထံသို့သာပြန်လည်ရောင်းချရပါသည်။ အကယ်၍ ပေါက်စျေးပိုသည့် နေရာသို့ သွားရောက်ရောင်းချပါက ပွဲစားကနောက်တစ်ကြိမ်ထပ်မံ ငွေချေးငှားခြင်း မပြုတော့ချေ။

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး - ၁၉၈၃တွင် ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့ကမူလတန်းကျောင်းကိုတည်ဆောက်ပေးခဲ့ပြီး မူလွန်ပညာရေးကို ကားလမ်းမ တစ်ဖက်ခြမ်းရှိ သဖန်းကိုင်းတွင် လည်းကောင်း နောင်ချိုမြို့သို့ လည်းကောင်း နီးစပ်ရာအလိုက် တက်ရောက်ပပညာသင်ယူကြပါသည်။

ကျန်းမာရေးဆေးပေးခန်း သီးသန့်မရှိပဲ နောင်ချိုမြို့ဆေးရုံသို့သာ သွားရောက်ကြပါသည်။ တုတ်ကွေးစသည့် ရာသီဖျားမျိုးသာ အဖြစ်များပြီး လွန်ခဲ့သော ၁၀နှစ်က တောင်ယာများတွင် နေထိုင်သူတို့တွင် ငှက်ဖျားရောဂါဖြစ်ပွားမှုများကာ ယခုအခါ ထိုသို့ဖြစ်ပွားမှုမရှိတော့ချေ။

၂၀၁၂ခုနှစ်က ကျေးရွာသောက်သုံးရေကန်ကို တည်ဆောက်ပြီး ရေပေးဝေမှုစတင်ခဲ့ပါသည်။ ရေတွင်း ၂စတွင်းနှင့် အဝီစိတွင်း(စက်တွင်း) ၂၀ရှိကာ အခြေအနေကောင်းမွန်ပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု - လုံရုံးရွာလူငယ်တို့သည် သာမန်အားဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ရွာအတွင်းသာရေး၊ နာရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ကြပါသည်။ ရှမ်းစာပေသင်ကြားသင်ယူမှု အစီအစဉ်တွင် ကျောက်မဲမြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှု အသင်းဖြင့် ဆက်စပ်

လုပ်ကိုင်သည်မှအပ အခြားမည်သည့်မြို့များသို့ ဆက်သွယ်လုပ်ဆောင်မှုနည်းပါးပါသည်။ လူငယ်တို့အနေဖြင့် နောင်ချိုမြို့နှင့် နီးသော်လည်း ထူးခြားသော အကြောင်းအရာမရှိပဲ ဆက်သွယ်လုပ်ဆောင်မှု နည်းပါးပါသည်။ မိဘိုင်းတယ်လီဖုန်းများကိုမှ ပိုမိုအချိန်ပေးသုံးစွဲလာကြပါသည်။

(ခ) အခြေခံအဆောက်အဦ - (လက်လှမ်းမှီရယူမှု)၊ လမ်း၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး- ရွာတွင်းလမ်းများမှာ အများအားဖြင့် မြေသားကျောက်ကြမ်းလမ်းပိုင်းများဖြစ်ပြီး မိုးရာသီတွင် လမ်းချိုင့်ခွက်များ ရေတင်ခြင်းအချို့ရှိသော်လည်း သာမန်အားဖြင့် အသင့်အတင့် အခြေအနေတွင် ရှိပါသည်။ လျှပ်စစ်မီးသုံးစွဲမှုတွင် ဆိုလာပြားဖြင့် ၅၀အိမ်၊ ရွာအနောက်ဖက် ချောင်းမှ တစ်နိုင်ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲသည့် အိမ် ၈အိမ်နှင့် ဒီဇယ်အင်ဂျင်သုံးစွဲသည့် အိမ် ၃အိမ်ရှိပါသည်။ မိဘိုင်းတယ်လီဖုန်းပေါင်း ၅၀လုံးရှိကာ လိုင်းအရည်အသွေးကောင်းမွန်ပါသည်။

(ဂ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး- လုံရုံးရွာအရှေ့တွင် ၁၁၅ စစ်တပ်ရှိပြီး နောင်ချိုမြို့နှင့် အလှမ်းမဝေးခြင်းကြောင့် သာမန်အားဖြင့် တည်ငြိမ်အေးချမ်းကာ အမှုအခင်းနည်းပါးပါသည်။ ခိုးမှု၊ မူးယစ်ဆေးဝါးမှု အနည်းငယ်ရှိသည်ဟု ဆွေးနွေးကြပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာစေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာ ပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက်နိုင်မှုတို့မှာ အဓိကအချက်များဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင်မည့် နည်းလမ်းသို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန်အရေးကြီးပါသည်။ ကျေးရွာ အတွင်းလက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်ချက်များ၊ နောင်လိုလားအပ်သည့် ဖွံ့ဖြိုးတိုးတက်မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မည်ပုံ ဖော်ဆောင်မည်စသည့်တို့သည်ပင် ဖွံ့ဖြိုးရေးဗျူဟာအတွင်းကြောင်းကျိုးဆက်စပ် ပါဝင်ရမည် ဖြစ်ပါသည်။

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

လုံရုံးသည် နောင်ချိုမြို့နှင့် အလှမ်းမဝေးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းခြင်းသည် အဓိကအားသာချက်ဖြစ်ပါသည်။ သဖန်းကိုင်းရွာကြီးနှင့် နီးစပ်ပြီးသီးနှံစျေးကွက်မှာ သဖန်းကိုင်းတွင်ရှိခြင်းကြောင့် သယ်ယူပို့ဆောင်ရေးစရိတ်သက်သာစွာဖြင့် ရောင်း၊ ဝယ်နိုင်ပါသည်။

သီးနှံထုတ်လုပ်မှုအနေဖြင့် ဝင်ငွေရပြောင်းကိုအခြားရွာများကဲ့သို့ပင် စိုက်ပျိုးကြသည့်အပြင် စျေးကွက်ကို တိုက်ရိုက်ချိတ်ဆက်နိုင်မှု အားသာချက်ကြောင့် ရွာတွင်းသီးနှံပွဲရုံများ၊ အခြားဆက်စပ်ဝန်ဆောင်မှုများ ဥပမာ-စိုက်ပျိုးရေးသုံးကိရိယာများရောင်းချခြင်း အားကောင်းလာပါသည်။ ရေခြံများရှိခြင်းကြောင့် တောင်သူကြီးအချို့မှာဆောင်းသီးနှံများစိုက်ပျိုးရောင်းချနိုင်ပါသည်။

အိမ်ထောင်စု ၆၃အိမ်တွင် မြေယာမဲ့ ၆အိမ်သာရှိခြင်းကြောင့် စိုက်ပျိုးရေး လုပ်ငန်း ခွင်တွင် တစ်ရွာလုံးလုပ်အားနှင့် လုပ်ငန်းမျှတသည့်အခြေအနေဖြစ်ပါသည်။

(ခ) အဟန့်အတား၊နှင့်စိန်ခေါ်မှုများ

အဓိကစိုးရိမ်ဖွယ်ဖြစ်နေသော အဟန့်အတားမှာ မြေယာများ အကန့်အသတ်ရှိလာခြင်း၊နှင့် ယင်းကြောင့် နောင်မျိုးဆက်များ မြေယာပိုင်ဆိုင်နိုင်မှုမှာ အကန့်အသတ်များလာပြီး တောင်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးမှု မပြုနိုင်တော့ပဲ အသစ်သော အသက်မွေးဝမ်းကျောင်း တစ်ခုကို စိန်ခေါ်ချက်တစ်ခုအဖြစ်ကြုံတွေ့လာရခြင်းဖြစ်ပါသည်။ ရွာကိုအခြေပြုပြီး ပြုလုပ်နိုင်သော သဘာဝပတ်ဝန်းကျင်ရေရှည်ထိန်းသိမ်းနိုင်ပြီး မျိုးဆက်များကို ဖွံ့ဖြိုးတိုးတက်စေနိုင်မည့် လုပ်ငန်းရပ်များကို စဉ်းစားကြံဆနိုင်ခြင်းမရှိသေးပဲ လာမည့်စိန်ခေါ်ချက်ဖြစ်သော သားသမီးတို့ကို မြေယာမခွဲဝေပေးနိုင်ခြင်းအပေါ် တတ်အားသမျှကျောင်းပညာ (အခြေခံအထက်တန်းနှင့်တက္ကသိုလ်ပညာ) ကိုရရှိစေရန်မိဘများက ကြိုးပမ်းအားထုတ်နေကြပါသည်။ သို့သော် ယေဘူယျအားဖြင့် အများနှင့်ဆိုင်သော စိန်ခေါ်ချက်ကို တစ်မိသားစုချင်းက ရင်ဆိုင်ဖြေရှင်းနေကြပြီး အများစုပေါင်း ရင်ဆိုင်ဖြေရှင်းသည့် စနစ်တစ်ရပ် ပေါ်ထွက်မလာခြင်းသည် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုအားနည်းချက်ကိုဖော်ပြနေပါသည်။ လူကြီးလူငယ် တွဲဖက်ပြီးလူငယ်တို့ လိုအပ်ချက်နှင့်ဖွံ့ဖြိုးရေးအလားအလာများစသည်ကို ဝိုင်းဝန်း ဖော်ထုတ်ဆွေးနွေးဖြေရှင်းသည့် အလေ့အထနည်းပါး နေပါသေးသည်။

မြေယာအကန့်အသတ်ရှိလာခြင်းသည် စိုက်ပျိုးရေးတွင် သာမက မွေးမြူရေးကိုလည်း သက်ရောက်စေသော ကိစ္စရပ်ဖြစ်ပါသည်။ စားကျက်မြေ မရှိတော့သောကြောင့် ကျွဲ၊ နွားများကို လွှတ်ကျောင်းနိုင်ခြင်းမရှိတော့ချေ။ အလားတူရရာ မြေကွက်လပ်တွင် ဝင်ငွေရသီးနှံ တစ်မျိုးတည်း(ပြောင်း)ကိုသာ အားထားစိုက်ပျိုးနေခြင်းက တစ်မျိုးတည်းသီးနှံကို စိုက်ပျိုးရန် အားပေးသကဲ့သို့ဖြစ်နေပြီး နောင်ချို့တစ်မြို့နယ်လုံး စီပီပြောင်းကိုသာ စိုက်ပျိုးကြခြင်းသည် ရေရှည်တွင် မြေဆီသြဇာယိုယွင်းခြင်းနှင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများ ရင်ဆိုင်ရဖွယ် ရှိပါသည်။ အလားတူ စီပီပြောင်းစိုက်ပျိုးရာတွင် တရုတ်ဈေးကွက်နှင့် တရုတ်ကိုယ်စားလှယ် သီးနှံပွဲစားတို့ကိုသာ သွင်းအားစုမှစကာ ဈေးနှုန်းအထိအား လုံးမှီခိုနေရခြင်းသည် အားနည်းချက်တစ်ရပ် ဖြစ်ပါသည်။ ဈေးကွက်မှာအပြိုင်ဈေးကွက်မရှိတော့ပဲ ရေရှည်တွင် စိုက်ပျိုးထုတ်လုပ်သူက များခြင်းကြောင့် ဝယ်လိုအားကျသွားနိုင်ကာ ဈေးကွက်ထိန်းချုပ်မှုမှာ ယခုကပင် စိုက်ပျိုးသူ လက်ထဲ မရှိတော့ပါ။ တရုတ်စာ၊ ထိုင်းစာတို့ဖြင့် ရေးထားသော ဈေးကွက်တွင် ပေါများစွာရရှိနိုင်သော ဓါတ်မြေဩဇာများသုံးစွဲရခြင်းကာ စာကိုနားမလည်၍ အချိုးအဆမှားခြင်း၊ ဓါတုဆေးများကို တိုက်ရိုက်ကိုင်တွယ် အသုံးပြုခြင်းကြောင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်းနှင့် အစားအစာမှ ဖြစ်သော အကျိုးဆက်များကို နှစ်အနည်းငယ်အတွင်း သိသာမှုမရှိခြင်းတို့က ကျေးရွာအတွက်ကြီးမားသော စိန်ခေါ်ချက်တစ်ရပ်ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော (သို့မဟုတ်) အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖွံ့ဖြိုးမှုအတွက် အဓိကအစိန်ခေါ်ချက်မှာ အရင်းအနှီးနည်းပါးခြင်းနှင့် ပညာအရည်အချင်း နိမ့်ခြင်းကြောင့် နေ့စားလုပ်သားမှလွဲလျှင် အခြားအလုပ်များခန့်ထားပေးရန် အခက်ကြုံခြင်း တို့ဖြစ်ပါသည်။

ယင်းသည် လက်ရှိပညာရေးအခြေအနေဖြင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ ကျေးရွာအတွင်း ဘွဲ့ရ၊ ဆယ်တန်းအောင်မျှားလာသည်နှင့်အမျှ ယင်းအခြေအနေကို ဖြေရှင်းနိုင်လိမ့်မည်ဖြစ်သော်လည်း သက်ကြီးများအတွက်မူ အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ကြားပေးနိုင်မည့် အစီအစဉ် မရှိပါချေ။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေး အကောအထည်ဖော်ရမည့်နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ထားခဲ့ကြပါသည်။

(က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်-

(၁) ကျေးရွာ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများအတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်မှုကို တိုးမြှင့်လုပ်ဆောင်ခြင်းအားဖြင့် လိုအပ်သော သွင်းအားစု အထောက်အပံ့များနှင့်နည်းပညာများတိုးတက်ရရှိလာနိုင်ရေး၊

(၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သာအသက်မွေးဝမ်းကြောင်းလုပ်ငန်းများပိုမိုဖွံ့ဖြိုးလာရေး၊

(၃) ကျေးရွာ၏ အခြေခံပညာရေးကဏ္ဍ ပိုမိုတိုးတက်လာပြီး ကလေးများ အရည်အသွေးမှီ အခြေခံမူလတန်းပညာရေးကို တိုးတက်ရရှိနိုင်ရေး၊

(၄) လူငယ်တို့၏ကာယ၊ ညာဏအား တိုးတက်ပြီး ကျေးရွာအတွင်း လူမှုရေးအဖွဲ့အစည်းများ ခိုင်မာအားကောင်းလာစေရန်၊

(၅) ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်ပြီး အခြေခံအဆောက်အဦ ပိုမို အားကောင်းလာခြင်းအားဖြင့် ကျေးရွာသူ၊သားတို့၏လူမှုဘဝအရည်အသွေးမြှင့်တင်နိုင်ရန်။

(ခ) နည်းဗျူဟာ

လက်တွေ့ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါအကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးရည်မှန်းချက်များကိုရောက်ရှိမည်ဟု ယုံကြည်ပါသည်။

ကျေးရွာအတွင်း ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေး၊ ဖွဲ့စည်းထားရှိပြီးဖြစ်သော ကျေးရွာဖွံ့ဖြိုးမှုကော်မတီတို့က သက်ဆိုင်ရာဌာနများဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ချိတ်ဆက်ကြမည်ဖြစ်ပါသည်။ ယင်းကော်မတီအနေဖြင့် ကျေးရွာအတွင်းရှိ သက်ဆိုင်ရာ ကျေးရွာအခြေပြုအဖွဲ့အစည်းများဖြင့် တွဲဖက်ကာ သင့်လျော်သည့် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်းပါဝင်နိုင်မည့် အချိန်များကိုဖော်ထုတ်သတ်မှတ်ကာ ဖွံ့ဖြိုးရေး စီမံကိန်းများကို ရေးဆွဲခြင်း၊ ကြီးကြပ်အကောင်အထည်ဖော်ခြင်း၊ ကျေးရွာလူထုသို့ စီမံကိန်းအကောင်ထည်ဖော်မှု အခြေအနေများကို စာရင်းဇယားနှင့်တကွ တင်ပြခြင်း၊ အမေးအဖြေပြုခြင်းများဖြင့် ဆက်လက်တိုးတက်လုပ်ကိုင်မည်ဖြစ်သည်။

သက်ဆိုင်ရာ ဦးစားပေးကဏ္ဍများဖြစ်သော စီမံအုပ်ချုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ငွေကြေးဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ လူငယ်၊ ယဉ်ကျေးမှုနှင့် အမျိုသမီးကဏ္ဍစသည်တို့ကို အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နည်းပညာများရရှိ လက်လှမ်းမီရန်နှင့် အထောက်အပံ့များရရှိစေရန် သက်ဆိုင်ရာဌာနများ၏ ချိတ်ဆက်ပံ့ပိုးပေးမှုများ အလွန်လိုအပ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နောင်ချိုမြို့နယ်ဌာနများ၊ အထက်ခရိုင်၊ ပြည်နယ်နှင့်တိုင်း၊ ပြည်ထောင်စု အဆင့်မူဝါဒများဖြင့် ချိတ်ဆက် မိမိဟန်ချက်ညီညီ အကောင်ထည်ဖော်နိုင်ရန်လိုအပ်ပါသည်။

(၁) စိုက်ပျိုးရေးထုတ်ကုန် မြင့်မားလာစေရန်အတွက် သီးနှံထွက်နှုံးမြှင့်တင်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်လာစေမည် ဖြစ်ပါသည်။ ရှိပြီး အလေ့အထကောင်းများဖြစ်သော သီးညှပ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးလာစေနိုင်သလို မြေဆီအရည် အသွေးကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းဖြစ်ခြင်းကြောင့် လက်ရှိကြုံတွေ့နေရသော မြေယာအကန့်အသတ်များကို ပိုမို ဖြေရှင်းနိုင်စေရန် သက်ဆိုင်ရာဌာနများဖြင့် ချိတ်ဆက်ကြိုးစားကြရမည်ဖြစ်ပါသည်။ စိုက်ပျိုးရေး သွင်းအားစုများအတွက် ပြင်ပကိုလုံးဝမှီခိုအားထားနေရသော အနေအထားမှ ဒေသမျိုးကောင်းမျိုးသန့်များပေါ်ထွက်လာရေး၊ ထိန်းသိမ်းဖြန့်ဖြူးနိုင်ရေးတို့အတွက် တောင်သူအစုအဖွဲ့ ဖွဲ့နှင့်အုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေးကော်မတီတို့ဖြင့် ပူးပေါင်းကာ လုပ်ဆောင်ရမည်ဖြစ်ပါသည်။ အလားတူ ရေရှည်အတွက် နှစ်ရှည်သီးနှံစိုက်ပျိုးခြင်းကို ဖော်ထုတ်လုပ်ဆောင်မည်ဖြစ်ပါသည်။

(၂) ဈေးကွက်လက်လှမ်းမီမှုကို ပိုမိုမြင့်တင်ခြင်းနှင့် ငွေကြေးအရင်းအနှီး (သို့မဟုတ်) ချေးငွေလက်လှမ်းမီစေရန် ကြိုးပမ်းအားထုတ်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်နိုင်မည်ဖြစ်ပါသည်။ သီးနှံပေါက် ဈေးမတည်ငြိမ်မှုကို ဈေးကွက်လက်လှမ်းမီခြင်း၊ သိုလှောင်မှုနည်းပညာ၊ ငွေကြေးအထောက်အပံ့တို့ဖြင့် ဖြေရှင်းနိုင်လျှင် တောင်သူများ ဈေးကောင်းရလာနိုင်ပြီး တောင်သူ ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သောစာရင်းဌား၊ သွင်းအားစုဝန်ဆောင်မှုဈေးကွက်၊ သီးနှံထုတ်ကုန်

ဈေးကွက်တို့ကို ထောက်ပံ့ပေးနိုင်မည် ဖြစ်သကဲ့သို့ ကျေးရွာ၏ လူမှုစီးပွားဘဝ ခိုင်မာ အားကောင်းလာစေမည်ဖြစ်ပါသည်။

(၃) မွေးမြူရေးကဏ္ဍအတွက် စိန်ခေါ်ချက်ကြီးမားသော်လည်း အလားအလာကောင်းများ လည်းရှိပါသည်။ ကျေးရွာအတွင်းတွင် ယခုအခါ ကြက်ခြံတစ်ခြံ မွေးမြူလျှက်ရှိပြီး ကျန်ရှိသော ကျွဲ၊ နွားကောင်ရေများအတွက်လည်း တိရစ္ဆာန်အစားအစာနှင့် ချေးငွေ ရရှိရေးလုပ်ဆောင်ကြလျှင် ပြန်လည်ဦးမော့လာနိုင်စရာရှိပါသည်။ တိရစ္ဆာန် အညစ် အကြေးများသည် သဘာဝမြေဩဇာများဖြစ်ကြသဖြင့် ယင်းလုပ်ငန်း ဦးမော့လာပါက ဓာတ်မြေဩဇာသုံးစွဲမှုကို အတိုင်းအတာ တစ်ရပ်အထိ လျော့ချလာနိုင်ဖွယ်ရှိပြီး ဓိကပျိုးရေးလုပ်ငန်းအတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးမှု ဟန်ချက်ညီအောင် အဆင့် (၃) နှင့်အဆင့် (၄) အိမ်ထောင်စုများကို ကနဦးအဆင့်တွင် ဦးတည်ထားပြီး ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၄) မြေယာမဲ့အိမ်ထောင်စုများအတွက် အလုပ်အကိုင်ဖန်တီးပေးခြင်း၊ သက်မွေးဝမ်း ကျောင်းလုပ်ငန်းစွမ်းရည်မြင့်မားစေခြင်း၊ အသေးစားစီးပွားရေး စီမံခန့်ခွဲမှု စွမ်းရည် နှင့်လုပ်ငန်းရှင်ပညာဖွံ့ဖြိုးရေး၊ ဒေသနှင့်အနီးပါတ်ဝန်းကျင် ဈေးကွက်တို့အတွက် ကျေးလက် အသေးစားလုပ်ငန်းမှ ထုတ်ကုန်တိုးတက်စေခြင်းတို့ဖြင့် မိသားစုဝင်ငွေ တိုးမြင့်စေပါမည်။

(၅) လူငယ်တို့အတွက် အားကစားကဏ္ဍကို ပိုမိုတိုးတက်လာစေခြင်းနှင့် လူမှုရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍတွင် ပိုမိုပါဝင်လာစေခြင်းအားဖြင့် ကာယ၊ ညာဏ အားတိုးတက် လာပြီး ကျေးရွာကို ပိုမိုစည်လုံးစေပြီး ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် ပိုမို အထောက်အကူပြုလာနိုင်ရေး။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများ နှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက် အရ ဤအခန်းကိုပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာ အဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ် ပေးနိုင်ခဲ့ကြ ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပံ့မှန်စီစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်

မာတိကာ

မာတိကာ ၁

စကားရှိး ၅

လုံရုံးကျေးရွာ အရင်းအမြစ်ပြခြေပုံ၊ နောင်မျိုးဖြိုနယ် ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈

၁။ နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှုနိဒါန်း ၈

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင်အနေအထား နှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ

(ခ) မြေမျက်နှာသွင်ပြင် အနေအထား

(ဂ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမ ဆက်နွယ်မှု

၄။ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦ - လက်လှမ်းမှီ ရယူမှု၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၄

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင် နှင့် ဗျူဟာ ၁၆

အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟုမျှော်လင့်ပါသည်။

(ခ) စိုက်ပျိုးရေး၊မြေစာရင်းနှင့်သစ်တောဦးစီးဌာနများ

ကျေးရွာ၏ဖွံ့ဖြိုးရေး စိန်ခေါ်ချက်သည် ယာမြေ အကန့်အသတ်ရှိနေခြင်းနှင့် မြေယာစျေးကွက်များပေါ်ထွန်းလာခြင်း၏ အကျိုးကျေးဇူးကို ရွာသူရွာသားများ နားလည်သိမြင်မှု လိုအပ်နေခြင်းဖြစ်ရာ သက်ဆိုင်ရာဌာနများ အထူးသဖြင့် မြေစာရင်းနှင့်သစ်တောဦးစီးဌာနတို့က ကျေးရွာလူထုကိုသက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများကို ချပြရှင်းလင်းပြီး မြေယာအကန့်အသတ် အနေအထားကိုနားလည်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးဌာနအနေဖြင့်မူ တောင်သူများအတွက် နှစ်ရှည်သီးနှံစိုက်နည်းပညာ ပံ့ပိုးချိတ်ဆက်ပေးပါက တောင်သူများပို၍အကျိုးများနိုင်ပါသည်။ ရာသီဥတုအနေဖြင့် မိုးခေါင်ခြင်းကို ပိုမိုကြုံတွေ့လာနေရခြင်းအား ဖြေရှင်းနိုင်ရန်အသိပညာများ ရာသီဥတုဒဏ်ခံနိုင်သည့်မျိုးများ အစရှိသဖြင့်လည်းကောင်း၊ သီးနှံ သိုလှောင်နည်းပညာများကိုလည်းကောင်း ပေါင်းစပ်ပံ့ပိုးပေးနိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ် တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် ပြုပြင် ပြောင်းလဲဖွဲ့စည်းသင့်သည်။ အထူးသဖြင့် လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ငွေချေးယူမည့် ကျေးရွာသားများကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန်လိုအပ်ပါသည်။ ငွေချေးလိုသူဘက်မှ ဘဏ်သို့အဆိုပြုလွှာတင်နိုင်ရန်အတွက် အထောက်အထားမှတ်တမ်းမှတ်ရာများ ပြုစုထားရှိရန်နှင့် ကျေးရွာအခြေပြုငွေစုငွေချေးလုပ်ငန်းကို ခိုင်မာအားကောင်းအောင်ဆောင်ရွက်ထားရပါမည်။ သို့မှသာ ငွေကြေးဝန်ဆောင်မှုပေးသော ဘဏ်များနှင့် ချိတ်ဆက်မိပြီး ကျေးရွာငွေစုငွေချေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံငွေပိုအားကောင်းလာမည်ဖြစ်သည်။

(ဃ) အလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

အသေးစားစက်မှုလုပ်ငန်းများကို ဒေသတွင်းလိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ချိတ်ဆက်ကာ ထောက်ပံ့ပေးပါက လူမှုစီးပွားဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင်မူ ကျေးရွာအနေဖြင့် ယင်းအထောက်အပံ့များကို လက်လှမ်းမီနိုင်ခြင်းမရှိသေးပါချေ။ အမျိုးသမီးအနည်းငယ်ကမူ စက်ချုပ်လုပ်ငန်းကို စိတ်ပါဝင်စားမှုရှိကြပြီး အခြားသီးနှံထုတ်လုပ်မှုနှင့် ဆက်စပ်သောတစ်နိုင်စက်မှုလုပ်ငန်းများဥပမာ- ပြောင်းနှင့်အာလူးကို အသင့်စားသုံးနိုင်သောတုတ်ကုန်တစ်မျိုးမျိုးအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းမျိုးဖြစ်ပါသည်။ ယင်းကတန်ဖိုးပြောင်းလဲမှုကို

ဖော်ဆောင်ပေးနိုင်သည်ဖြစ်သောကြောင့် ဒေသလူမှုစီးပွားဈေးကွက်တစ်ခု ပေါ်ထွန်းလာစေနိုင်ပါသည်။

ယင်းကိုမူဝါဒအထောက်အပံ့အဖြစ် သက်ဆိုင်ရာ အထက်အဆင့်များက ချိတ်ဆက် ကူညီနိုင်ရန်အရေးကြီးပါသည်။ အသေးစားချေးငွေလုပ်ငန်းကို ဆောင်ရွက်ရာတွင် အဓိကဖော်ထုတ်သောစိန်ခေါ်ချက်မှာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းရှားပါးခြင်းဖြစ်ပါသည်။ ဝင်ငွေရလုပ်ငန်းမရှိပဲမည်သည့် အစီအစဉ်ဖြင့် ငွေချေးသည်ဖြစ်စေ အလုပ်မလုပ်နိုင်ခြင်းကြောင့် ဝင်ငွေမရတော့ပဲ ပြန်မဆပ်နိုင်လျှင် တိုးရင်းပေါင်းဆင့်ကာ အခြေအနေ ပိုမိုဆိုးရွားသွားစေနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ချေးငွေအစီအစဉ်များကို အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းဖန်တီးခြင်းဖြင့် ချိတ်ဆက် အကောင်ထည်ဖော်ရန်လိုပါသည်။ ထို့ပြင် အသက်မွေးဝမ်းကျောင်းကြောင့် အခွင့်အလမ်းဖန်တီးခြင်းသည် ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများစသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။

၈။ ဦးစားပေးစိမ်ချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စိမ်ချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စိမ်ကိန်းငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စိမ်ချက်များသည်ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ်မရှိမဖြစ်လိုအပ်ပါမည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစိမ်ချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစိမ်ချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည်စိမ်ချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ်ကျော်လာချိန်တွင် စိမ်ကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသောသဘာဝဘေးအန္တရာယ် သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း စိမ်ကိန်းငါးနှစ်တာအတွင်း ထပ်တိုးစိမ်ချက်များအား ထည့်ဝင်လာနိုင်ပါသည်။ ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစိမ်ချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစိမ်မှုဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စိမ်ချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကိုပြုပြင်ရလွယ်ကူစေသည်။ ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်** ကိုပြင်ဆင်ရမည်ဖြစ်ပါသည်။

ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့်စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည်ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့်သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန်အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ် သုံးသပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရေးအတွက်လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့် စီမံကိန်းနှင့်စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့် သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံကိန်းဘတ်ဂျက် အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်-

(၁) သာမန်အသုံးစရိတ် (current expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပါတ်စရိတ်နှင့်ငှားရမ်းခများ၊

(၂) ငွေလုံးငွေရင်းအသုံးစရိတ် (capital expenditure) ဥပမာ - ဆောက်လုပ်ရေး ပစ္စည်းများနှင့်ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ၊

(၃) စွမ်းရည်မြှင့်တင်ရေး(Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၄) လူသားချင်းစာနာမှုအကူအညီများ (Humanitarian Support)။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသားအုပ်စု (၄)စုထဲမှ (၁၀) ဦးကဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ကဏ္ဍ/လုပ်ငန်းကဏ္ဍခွဲ/လုပ်ငန်းခွဲ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက်
စီမံခန့်ခွဲမှုကဏ္ဍ				
ကျေးရွာတွင်စီမံအုပ်ချုပ်မှုဖွဲ့ဖြိုးရေး	၁။ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြှင့်တင်ခြင်း		၉	လုံရုံးကျေးရွာ၏အဓိကအားနည်းချက်အဖြစ် ကျေးရွာပြင်ပနှင့်ချိတ်ဆက်မှုအားနည်းခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ၄င်းဌာနများက ပေးသောဝန်ဆောင်မှုများကို မသိနားမလည်ခြင်း၊ လူငယ်များအနေဖြင့် မိုဘိုင်းဖုန်းများသုံးလာပြီးဖြစ်သော်လည်း ပြင်ပနှင့်ချိတ်ဆက်ပြီးဖွံ့ဖြိုးရေးများတွင်ပါဝင်လုပ်ဆောင်နိုင်ရေးပြင်ဆင်ရန်လိုအပ်ခြင်းများသည် အတားအဆီးများအဖြစ်ဖော်ထုတ်ကြသောကြောင့်ယင်းတို့ကိုဖြေရှင်းနိုင်ရန်ပီအာအေဖြစ်စဉ်ကဖွဲ့စည်းပေးထားသောကျေးရွာဖွံ့ဖြိုးမှုကော်မတီအပါအဝင်ဆပ်ကော်မတီ-ဥပမာ-ရေကော်မတီ၊ လမ်းကော်မတီစသူတို့၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးအတွက်ကနဦးအဆင့်တွင် ကျေးလက်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ဖြင့်ချိတ်ဆက်ကာ ဆောင်ရွက်ပြီးနောင်တွင် အခြားသက်ဆိုင်ရာဌာနများသို့ ဆက်လက်ချိတ်ဆက်ပြီး လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ၂၀၁၆မတ်လမှစတင်ပြီး ၅နှစ်တာကာလပါတ်လုံး အလုပ်နားချိန်များတွင်ပုံမှန်သင်တန်းများနှင့်စီမံချက်များအကောင်ထည်ဖော်စဉ်ကာလတွင် စီမံချက်ကလိုအပ်သောသင်တန်းများကိုအခါအားလျော်စွာစုစည်းလုပ်ဆောင်မည်ဖြစ်ပါသည်။
မွေးမြူရေးကဏ္ဍ				
တစ်နိုင်ဝင်ငွေတိုး	၂။တစ်နိုင်မွေးမြူရေးများတိုးချဲ့ခြင်း			အိမ်ခြံဝင်းအတွင်း နေရာလပ်မကျန်စိုက်ပျိုးထားခြင်းအစား နေရာအချို့ချန်ကာတစ်နိုင်မွေးမြူရေးဆောင်ရွက်နိုင်သည်။မွေးမြူရန်စိတ်ပါဝင်စားသည့်အိမ်များကိုဖော်ထုတ်ပြီးဖြစ်နိုင်ချေရှိမရှိကို ဆန်းစစ်ဖော်ထုတ်ပြီးအစုအဖွဲ့ပုံစံဖြင့် သမအသင်းဝင်လျှောက်ထားပြီး အသက်မွေးဝမ်းကျောင်း ချေးငွေရရှိပါက ဝင်ငွေတိုးမွေးမြူခြင်းဖြစ်ပါသည်။ တစ်နိုင်မိသားစုလုပ်ငန်းဖြစ်သော်လည်း အစုအဖွဲ့ပုံစံဖြင့်စီမံရမည်ဖြစ်သောကြောင့်ပုံမှန်စုငွေပမာဏတစ်ခုသတ်မှတ်ပြီး အစုအဖွဲ့အတွင်းသို့ပြန်လည်ပေးသွင်းပြီးသမသို့ပြန်လည်အတိုး၊ အရင်းဆပ်

ရမည့်နည်းလမ်းတစ်ခုဖြစ်ပါသည်။ လည်ပါတ်ရံပုံငွေထူထောင်ပေးမည့် အဖွဲ့အစည်းရှိပါက (ဥပမာ-မြစိမ်းရောင်) အစုအဖွဲ့ပုံစံဖြင့်ပင်လုပ်ဆောင်ပြီး အတိုးပမာဏကိုလူမှုရေး၊ ကျန်းမာရေးများလုပ်ဆောင်နိုင်ရန်ကောက်ခံစု ဆောင်းရမည်ဖြစ်ပါသည်။

အသေးစားစီးပွား ဖြစ်လုပ်ငန်း

၃။ပိုးမွေးမြူရေးတိုးချဲ့ခြင်း

ပိုးမွေးမြူခြင်းကိုစမ်းသပ်လုပ်ကိုင်နေသည့်အိမ်အချို့ရှိလာပြီးလက်ရှိတွင်လို အပ်သည့်သွင်းအားစုများကိုထောက်ပံ့နေပြီးဈေးကွက်ခိုင်မာပါကလုပ်လိုသော အိမ်များရှိလာသောကြောင့်ကနဦးစမ်းသပ်ချက်အဆင့်တစ်ရပ်အနေဖြင့်လုပ် ကိုင်ပြီးဈေးကွက်ရရှိလာပါတိုးချဲ့လုပ်ကိုင်ခြင်း။

ကနဦးအဆင့်- လက်ရှိဈေးကွက်ထိန်းချုပ်မှု အတိုင်းထားပြီး ပိုးကောင်ရေ၊ ပိုးစာပင်နှင့်ပိုးမျှင်ထုတ်ခြင်းကိုအရင်းအနှီးထည့်ပြီးတိုးချဲ့လုပ်ကိုင်ခြင်း။လက် ရှိလုပ်ကိုင်ဆဲသူများအပြင်အခြားစိတ်ဝင်စားပြီးလုပ်နိုင်မည့် (မြေနေရာရှိခြင်း +လူလုပ်သား(မိသားစုဝင်)သူရှိသည့်အိမ်ထောင်စုများကိုဖော်ထုတ်ပြီးတစ်ဦး ချင်းသော်လည်းကောင်းအစုအဖွဲ့လိုက်သော်လည်းကောင်းချေးငွေများချထား စမ်းသပ်လုပ်ကိုင်ခြင်းဖြစ်သည်။ (*မှတ်ချက်-တရုတ်ဈေးကွက်သာ ရှိနေပါ သည်။ ပြည်တွင်းဈေးကွက်ကိုချိတ်ဆက်နိုင်မည့် အလားအလာကောင်း- မွန်လေးပိုးထည်ဈေးကွက်) သက်ဆိုင်ရာဌာနနှင့်အထက် အဆင့်မူဝါဒ များ ဖြင့် ချိတ်ဆက်နိုင်ရန်လိုပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကြောင်းများကဏ္ဍ

သင်တန်း

၄။အသက်မွေးဝမ်းကြောင်း သင်တန်းများ

ကျေးလက်ဦးစီးဌာနကလက်ရှိတွင် ကျေးရွာအုပ်စုအလိုက်ပို့ချပေးနေသော အသက်မွေးဝမ်းကျောင်းသင်တန်းအမျိုးမျိုးကို ရွာဦးစုအရွေးချယ် တက် ရောက်စေမည်ဖြစ်ပါသည်။ကျေးရွာအုပ်ချုပ်ရေးကစီစစ်ပေးပြီးကျေးရွာပဲ့ပြုး မှုကော်မတီကလက်တွဲဆောင်ရွက်ရမည်ဖြစ်ပါသည်။၂၀၁၅ခုနှစ်အတွင်း၌ပင် စတင်နိုင်သလောက်စတင်ပြီးရေရှည်အတွက်အလားအလာရှိသည့်လုငယ်များ၊ ပိုးစာမွေးမြူခြင်းကဲ့သို့သော်လုပ်ငန်းများစသည်တို့ကိုပူးပေါင်းဖော်ထုတ်ပြီးလို အပ်သောသင်တန်းများကိုဖော်ထုတ်ပြီးပို့ချပေးနိုင်သောသက်ဆိုင်ရာဌာနများ၊

၆။ မြို့ကြီးများ၌ လုပ်ကိုင်ရသော အလုပ်များ ထား၍ ခြံဝင်း၊ ဧည့်ခန်းမ၊ ဧည့်သည်များ စောင့်ဆိုင်းရန် ခုံတန်းရှည်များ ထားရှိခြင်း၊ ခြံဝင်းအတွင်း ကားများ ရပ်နားနိုင်ရန် ကားပါကင် ဧရိယာ ပြုလုပ်ထားခြင်း၊ ခြံဝင်းအတွင်း ဥယျာဉ်ပန်းခင်းများ ထားရှိခြင်း၊ ခြံဝင်းအတွင်း ရေကန်၊ ရေပြင်ကျဉ်းမြောင်းများ ထားရှိခြင်း၊ ခြံဝင်းအတွင်း ရေတွင်းများ တူးဖော်ခြင်း၊ ခြံဝင်းအတွင်း ရေတိုင်ကီများ ထားရှိခြင်း၊ ခြံဝင်းအတွင်း ရေပန်းများ တူးဖော်ခြင်း၊ ခြံဝင်းအတွင်း ရေဆိုးသန့်စင်ရေး စနစ်များ ထားရှိခြင်း၊ ခြံဝင်းအတွင်း မီးသတ်ရေပိုက

လုပ်လိုခြင်းဖြစ်ပါသည်။ကျောင်းအကျိုးတော်ဆောင်ကော်မတီကအုပ်ချုပ်ရေးနှင့်တွဖက်ပြီးမြို့နယ်ပညာရေးဌာနသို့ကနဦးတင်ပြပြီးကျေးရွာပွဲဖြိုးရေးကော်မတီမှတစ်ဆင့်ကျေးရွာသို့ရှင်းလင်းတင်ပြခြင်း၊ရံပုံငွေစုဆောင်းခြင်း၊အကူအညီများသက်ဆိုင်ရာသို့တောင်းခံခြင်းစသည်တို့ကို ၂၀၁၆ဖြမှ ၂၀၁၈ခုနှစ်အတွင်းဆောင်ရွက်ရန်လျာထားပါသည်။

အခြေခံအဆောက်အဦကဏ္ဍ

၈။ရွာလယ်လမ်းကျောက်ခင်းခြင်း

ပီအာအေကကျေးရွာပွဲဖြိုးရေးကော်မတီနှင့်လမ်းဖြစ်မြောက်ရေးဆပ်ကော်မတီဖွဲ့ပြီးဖြစ်ခြင်းကျေးလက်ဦးစီးဌာနဖြင့်ချိတ်ဆက်မှုရှိပြီးဖြစ်ခြင်းကျေးရွာတွင်လမ်းနှင့်အုပ်ချုပ်ရေးမှူးရုံးတို့ကို သက်ဆိုင်ရာဌာနများဖြင့် ချိတ်ဆက်ဆောင်ရွက်ဖူးသောအတွေ့အကြုံရှိခြင်း၊ နောင်ချို့နှင့်ဒုမိုင်သာဓေးသော်လည်း ရွာချဉ်းကပ်လမ်းမှ ရွာတွင်းသို့ဝင်သော လမ်းများမှာ မြေသားလမ်းများဖြစ်ခြင်းနှင့်မိုးရာသီတွင်သွားလာရအနည်းငယ်ခက်ခဲခြင်း၊ မန္တလေး-လားရှိးကာလမ်းမှရွာသို့အဝင်လမ်းတွင်စေတီ၊စစ်တပ်နှင့်စစ်တပ်၏ပြောင်းစိုက်ခင်းများနှင့်ကျေးရွာစိုက်ခင်းများက ရွာကိုကာထားသကဲ့သို့ဖြစ်နေသည့်အပြင် ရွာတွင်းလမ်းများကောင်းလာပါက သီးနှံများပိုမိုလွယ်ကူစွာရွာ-ကားလမ်း-သဖန်းကိုင်း- နောင်ချို့တို့သိုသယ်သူရောင်း ဝယ်ဖောက်ကားနိုင်ခြင်းစသည့်အလားအလာများကြောင့် လမ်းကော်မတီကဦးဆောင်ကာသိန်း၉၀၀ခန့်မှန်းကုန်ကျမည့်လမ်းခင်းခြင်းကိုကျေးလက်ဦးစီးဌာနဖြင့်ချိတ်ဆက်ကာလာမည့်ဖေဖော်ဝါရီလ ၂၀၁၇ တွင်စတင်လုပ်ဆောင်နိုင်ရန်လျာထားပါသည်။

၉။လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း

ဆိုလာမီးစနစ်ရှိပြီးဖြစ်သော်လည်းလုပ်ငန်းသုံးရန်အတွက်မလုံလောက်ခြင်းနှင့်လုပ်ငန်းများတိုးချဲ့လုပ်ကိုင်လိုခြင်း (ဥပမာ- ပိုးမွေးမြူခြင်းတွင် နေ့ရောညပါလုပ်ဆောင်ခြင်း) တို့အပြင်နောင်ချို့နှင့်နီးပြီး မဟာဓါတ်အားလိုင်းနှင့်မဝေးခြင်းကြောင့်သက်ဆိုင်ရာသို့တင်ပြလျှင်ဖြစ်နိုင်သည့်အလားအလာရှိသည် ပီအာအေကဖွဲ့စည်းပေးသော ကျေးရွာပွဲဖြိုးရေးကော်မတီနှင့်လျှပ်စစ်မီးလင်းရေးဆပ်ကော်မတီတို့က ကျေးရွာအုပ်ချုပ်ရေးနှင့်ပူးပေါင်းကာ ၂၀၁၆ဧနှစ်နဝါရီတွင် စတင်ပြီးသက်ဆိုင်ရာသို့မေးမြန်းခြင်း၊ လိုအပ်ချက်များကိုဖြည့်ဆည်းလုပ်ဆောင်ခြင်းတို့ကို လုပ်ဆောင်မည်ဖြစ်ပါသည်။ မြန်မာငွေကျပ်သိန်း၁၀၀၀ခန့်ကုန်ကျမည်ဖြစ်ပြီး ၂၀၁၆မှ ၂၀၂၀ ထိ တိုင်ဆောင်ဌာနနှင့်

	လိုအပ်ချက်များပေါ်မူတည်ပြီးလုပ်ဆောင်ရမည်ဖြစ်ပါသည်။
၁၀။သောက်သုံးရေရရှိရေး ဆောင်ရွက်ခြင်း	၂၀၁၅ခုနှစ်လတွင်စတင်ဆောင်ရွက်ရန်လျာထားပြီးသောက်သုံးရေရရှိရေး ကော်မတီဖွဲ့စည်းထားပါသည်။ကျေးလက်ဦးစီးဌာနဖြင့် ကနဦးတည်းကပင် ချိတ်ဆက်ထားပြီးဖြစ်သောကြောင့် ဆက်လက်ချိတ်ဆက်ပြီး ဆောင်ရွက်မည် ဖြစ်ပါသည်။

ငွေကြေးကဏ္ဍ

လူငယ်နှင့်ယဉ်ကျေးမှုကဏ္ဍ

၁၁။အားကစားကွင်းတည် ဆောက်ခြင်း ၁၁.၁။ယဉ်ကျေးလိမ္မာ သင်တန်း ၁၁.၂။မူးယစ်ဆေးဝါးပညာ ပေးဟောပြောပွဲ	လုံရုံးကျေးရွာ၏ အဓိကအားနည်းချက်များဖော်ထုတ်ရာတွင် လူငယ်ကဏ္ဍ အားနည်းခြင်းတစ်ခုလည်းအပါအဝင်ဖြစ်ပါသည်။လူငယ်များရုပ်မြင်သံကြား ကြားခြင်းနှင့် ကျောက်မဲဝုန်း မေတ္တာငွေစုအဖွဲ့ဖြင့် ချိတ်ဆက်ခြင်းများ ရှိနေသော်လည်းပတ်ဝန်းကျင်ကျေးရွာများနှင့်ယှဉ်လျှင်အားကစားတွင်ပါဝင်မှု နည်းခြင်းနှင့်အားကစားကိုအခြေပြုပြီးလူငယ်များစိတ်ဓာတ်ဖွံ့ဖြိုးမှုများလူမှု ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ စုစည်းလုပ်ဆောင်နိုင်စေရန် ရည်ရွယ်ပြီး လုံရုံးကျေးရွာက အားကစားကွင်းတစ်ခု တည်ဆောက်လိုပါသည်။ အုပ်ချုပ် ရေးပိုင်း၊ ရပ်မိရပ်ဖပိုင်းနှင့် လူငယ်ပိုင်းတို့ပူးပေါင်းပြီး မြေနေရာရရှိနိုင်ရေး၊ လိုအပ်သည့်ကုန်ကျစရိတ်များကိုတွက်ချက်လျာထားပြီး ရှာဖွေဖြည့်ဆည်းနိုင် ရေးတို့ကိုလုပ်ဆောင်ရမည်ဖြစ်ပါသည်။ လူငယ်များ၏ လိုလားချက်အဖြစ် အားကစားကွင်းနှင့်အတူကလေးများကိုယဉ်ကျေးလိမ္မာသင်တန်းများဖွင့်လှစ် ပေးခြင်းနှင့်ကူညီပေးခြင်း မူးယစ်ဆေးဝါးပညာပေးဟောပြောပွဲများကျင်းပ ပေးခြင်းတို့ကိုတွဲဖက်ဆောင်ရွက်ရန်ရည်ရွယ်ပါသည်။

(ဃ) အကောင်ထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံကိန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

ဇယား (၄၆) စီမံကိန်းကာလ

စဉ်	စီမံကိန်း	ဦးစားပေး အဆင့်	ကာလ ၂၀၁၅	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	မှတ်ချက်
၁	လျှပ်စစ်မီးရရှိရေး	၁		√	√	√			
၂	သောက်သုံးရေရရှိရေး	၂	√	√					
၃	ရွာလယ်လမ်းကျောက်ခင်းခြင်း	၃			√	√	√	√	
၄	ကျေးလက်ဆေးပေးခန်း	၄	√	√	√				
၅	မူကြိုကျောင်း	၅		√					
၆	ဆရာမအိမ်	၆		√	√				
၇	တစ်နှိုင်မွေးမြူရေးများတိုးချဲ့ခြင်း	၇		√	√	√	√	√	
၈	အသက်မွေးဝမ်းကြောင်းသင်တန်း	၈		√	√	√	√	√	
၉	ကျေးရွာအခြေပြုအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်သင်တန်း	၉		√	√	√	√	√	
၁၀	အားကစားကွင်းတည်ဆောက်ခြင်း	၁၀		√	√	√	√		
၁၁	ပိုးမွေးမြူရေးတိုးချဲ့လုပ်ကိုင်ခြင်း	၁၁		√					

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရွေးချယ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါ သည်။ စီမံကိန်းများနှင့်ဆိုင်သောအကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင်စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည် ဖော်ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံ အဆောက်အဦးကိုပြုပြင်ထိန်းသိန်းမည့်ဘတ်ဂျက်နှင့်ငွေရေးကြေးရေးအစီအစဉ်များပါဝင်ပါသည်။

အချို့သောစီမံကိန်းများကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့ များကိုမြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန်လိုအပ်ပါ သည်။ စီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီးနှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်းဖြစ်ပေါ်လာသော

ပုံဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသောပုံဖြိုးရေးရည်မှန်းချက်မူဘောင်တွင်နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအတွက်ပြင်ဆင်ရမည်ဖြစ်သည်။

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံကိန်းအလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် ကျေးရွာပုံဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်လုပ်ငန်းရှင်များထံမှနည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန်စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရံပုံငွေ (ကျပ်)	သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	လျှပ်စစ်မီးရရှိရေး					
၂	သောက်သုံးရေရရှိရေး					
၃	ရွာလယ်လမ်းကျောက်ခင်းခြင်း					
၄	ကျေးလက်ဆေးပေးခန်း					
၅	မူကြိုကျောင်း					
၆	ဆရာမအိမ်					
၇	တစ်နိုင်မွေးမြူရေးများတိုးချဲ့ခြင်း					
၈	အသက်မွေးဝမ်းကြောင်းသင်တန်း					
၉	ကျေးရွာအခြေပြုအဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်သင်တန်း					
၁၀	အားကစားကွင်းတည်ဆောက်ခြင်း					
၁၁	ဝိုးမွေးမြူရေးတိုးချဲ့လုပ်ကိုင်ခြင်း					

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ပဟိုအဆင့်မူဝါဒများအကြား
အစီအစဉ် ကျသော မျိတ်ဆက်မှုများ ၁၈

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အဂျိန်ကာလ ၂၀

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေမံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အဂျိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၈

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၁

(က) ကြိုးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ (၁)
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၄
(၁) ကြိမ်ဂနိုင်ကျေးရွာ၏ လူမှုစီးပွားရေး အခြေအနေ
ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကြိမ်ဂနိုင်ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာလူထု (လူထုခေါင်းဆောင်မှုနှင့်စီမံခန့်ခွဲမှုအခန်းကဏ္ဍ)

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်သာဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီး အားတာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ - ပညာရေးကော်မတီသည် ကျေးရွာ၏ပညာရေးကဏ္ဍ ပိုမိုကောင်းမွန်တိုး တက်လာစေရန် တာဝန်ယူဆောင်ရွက်စေ၍ စိုက်ပျိုးရေးကော်မတီသည် ကျေးရွာ၏လယ်ယာကုန်တုတ်ခြင်း လုပ်ငန်းများ တိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုအပိုင်းကို တာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုအပ်ပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် ဖြေရှင်းရန်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ - ပညာရေးကော်မတီသည် ကျေးရွာရှိ စာသင်ကျောင်းတွင်ဆရာ၊ ဆရာမလိုအပ်နေမှု (သို့) မူလတန်းပညာရေးသင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်အခြေခံပညာ ဦးစီးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ စိုက်ပျိုးရေးကော်မတီကလည်း လယ်ယာထုတ်ကုန်သီးနှံများ တိုးမြှင့်ထုတ်လုပ်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့်ဆက်သွယ်၍ နည်းပညာဆိုင်ရာအကူအညီများ ရယူရန် လိုအပ်ပါမည်။

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါ ခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက်အောက်ပါအဖွဲ့အစည်း / ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်-

- ဆောက်လုပ်ရေး၊ကြိုးကြပ်ရေးစသည့်လုပ်ငန်းများအတွက်ကန်ထရိုက်များ၊
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ
  (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြိုးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီး

ကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောကော်မတီ၏ တာဝန်သာဖြစ်ပါသည်။ အရှိုကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့ အစည်းဆိုင်ရာ နှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ရန်အတွက် အဆိုပြု စီမံကိန်းများကိုရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်း တစ်ခုစီချင်းစီအတွက်ရေရှည်တည်တံ့ရေးအစီအစဉ်များကိုရေးဆွဲထားရှိပါသည်။ ဥပမာအားဖြင့် ကျေးရွာကျောက်ချော လမ်းခင်းရန်အတွက် လိုအပ်သော ကုန်ကျစရိတ်များကို တွက်ချက်ရာတွင် ကျေးရွာလူထုမှ ထည့်ဝင်နိုင်မည့် လုပ်အားပမာဏ၊ ငွေကြေးထည့်ဝင်မှု၊ ပြင်ပ အကူအညီလိုအပ်မှု စသည်တို့ပါဝင်ပြီး၊ ရေရှည်တည်တံ့ရေး လုပ်ငန်းများတွင် ကျေးရွာလူထုမှ ရေနုတ်မြောင်း တူးဖော်ရေး၊ ပြုပြင်ထိန်းသိမ်းရေးအပိုင်းများတွင် လုပ်အား၊ ငွေအား ထည့်ဝင်မှု စသည်တို့ ပါဝင်ပါသည်။ စီမံချက်လုပ်ငန်းများအကောင်အထည်ဖော်ရာတွင်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအလိုက် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနာယကများ၏ အကြံပြုချက်များကို ရယူရုံသာမက လုပ်ငန်းအကောင်အထည်ဖော်မှုများအား လုံးအတွက်ငွေကြေးသုံးစွဲမှုများကို ပွင့်လင်းမြင်သာမှုရှိရေးအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင်ပူးပေါင်းပါဝင်သောနည်းလမ်း (Participatory Process) ဖြင့်ဆောင်ရွက်ရာတွင် အရေးကြီးသောလိုအပ်ချက်မှာ စီမံကိန်းများအကောင်အထည်ဖော် ဆောင်မှုအဆင့်တိုင်း၌ လူတန်းစားအလွှာအသီးသီး၊ လူတန်းစားမရွေး ထိရောက်စွာပါဝင်ခွင့်ရရှိရေးပင် ဖြစ်ပါသည်။ သို့မှသာ လူထုက စီမံကိန်းလုပ်ငန်းများ အပေါ်ပိုင်ရှင်စိတ်ဓာတ်ရှိလာပါမည်။ လူထု၏ ပိုင်ရှင်စိတ်ဓာတ်ရှိလာလေလေ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ၏ လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးအတွက် လူထုပါဝင်မှု အားကောင်းလေလေဖြစ်ပါမည်။ ၎င်းဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်စရိတ်၊ ပြုပြင်စရိတ်စသည်တို့အတွက် လူထု၏ထည့်ဝင်မှု၊ ပူးပေါင်းပါဝင်မှုမရှိလျှင် တည်ထောင်ပြီး သောဖွံ့ဖြိုးရေးလုပ်ငန်းများမတည်မြဲနိုင်ပါ။

အကောင်အထည်ဖော်ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ လုပ်ငန်းရည်ရွယ်ချက်နှင့် သဘောသဘာဝများမှာလုပ်ငန်းအလိုက်ကွဲပြားပါသည်။ ထို့ကြောင့်လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များအတွက် စီစဉ်ဆောင်ရွက်ပုံများမှာလည်း ကွဲပြားပါသည်။ ကျေးရွာတွင်းဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများအလိုက်လုပ်ငန်းများလည်ပတ်ရေး၊ ပြုပြင် ထိန်းသိမ်းရေးအတွက်သက်ဆိုင်ရာအဖွဲ့များကိုအောက်ပါပုံစံများဖြင့်ဆောင်ရွက်နိုင်ရန် စီစဉ်သွားမည်ဖြစ်ပါသည်။

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့် အဝိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။ ကြီးကြပ် စစ်ဆေးသုံးသပ်ရခြင်း၏ရည်ရွယ်ချက်များမှာ -

- စီမံကိန်းလုပ်ငန်းများ၏တိုးတက်မှုများအား အမြဲမပြတ်ကြည့်ရှု၍စီမံခန့်ခွဲရန်၊
- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ ပြီးမြောက်အောင်မြင်မှုများအား လေ့လာခြင်းအားဖြင့် ၄င်းတို့၏အကျိုးရလဒ်များကိုရှင်းလင်းစွာနားလည်သဘောပေါက်လာစေရန်၊
- ဖြစ်ပေါ်လာသည့်စိန်ခေါ်မှုများကို ဖော်ထုတ်သိရှိနိုင်ရန်နှင့် ဦးစားပေးဖြေရှင်းရမည်များကို သတ်မှတ်ဆောင်ရွက်နိုင်ရန်၊
- ဆောင်ရွက်နေသော စီမံကိန်းအတွေ့အကြုံများအပေါ်တွင် အခြေခံ၍ အသုံးပြုနေသော ဖွံ့ဖြိုးရေးဗျူဟာကိုချိန်ညှိနိုင်ခြင်းအားဖြင့် သင့်လျော်သော ဖွံ့ဖြိုးရေးအစီအစဉ်များ ရွေးချယ်ဆောင်ရွက်နိုင်ရန်၊
- နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် အခြားဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများထံမှ လိုအပ်သော ဖွံ့ဖြိုးရေးအကူအညီများတိတိကျကျသတ်မှတ်နိုင်ရန်၊

လူထုဗဟိုပြု၍အား‌လုံး‌ပူး‌ပေါင်း‌ပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာအတူ ပူးပေါင်းပါဝင်လာအောင်ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့ခွဲ အသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲများသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့်အညွှန်းကိန်းများဖြစ်လာပါမည်။ (၃) လပတ်ကုန်ဆုံးချိန်တိုင်းတွင်ကော်မတီနှင့် အဖွဲ့အသီးသီး

သည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေးခေါ်၍ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ်ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များ အပေါ်ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့်ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့်အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန်အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာမြို့နယ်ဦးစီးဌာန များသို့ အစီရင်ခံပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့်ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ပါဝင်ပါမည်။

(၅) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊

- ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများနှင့်သက်ဆိုင်သောမြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိအင်ဂျီအိုအဖွဲ့များ) စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည် သုံးသပ်ပွဲတွင်ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်ဆော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် သုံးသပ်ပွဲတွင် အောက်ပါအချက်များအပေါ် အဓိက အလေးထားဆောင်ရွက်ပါမည်။

- စီမံကိန်းလုပ်ငန်းများမှရရှိခဲ့သောလက်ငင်းရလဒ်များနှင့်အကျိုးသက်ရောက်မှုများ၊
- စီမံကိန်းတစ်ခုချင်းစီ၏ကျေးရွာလူထုဖွံ့ဖြိုးရေးအပေါ်အကျိုးသက်ရောက်မှုများအား အကဲဖြတ်သုံးသပ်ချက်များ၊
- ဖွံ့ဖြိုးရေးအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများ၊
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအောင်မြင်ရေးအတွက် ဗဟိုအဆင့်မှ ကူညီအားဖြည့်ရမည့် မူဝါဒနှင့် စီမံကိန်းအထောက်အပံ့များ လိုအပ်မှုအခြေအနေ
- ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်မှုမှရရှိသောသင်ခန်းစာများ (အခြားရွာများနှင့်အခြားဒေသရွာများသို့အပြန်အလှန်မျှဝေနိုင်ရန်)
- ဘတ်ဂျက်ရရှိမှုနှင့်လုံလောက်မှုအခြေအနေ
- အကြံပြုသုံးသပ်ချက်များ

နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သုံးသပ်ပွဲအစီရင်ခံစာကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ကအနှစ်ချုပ်ပြုစုပြင်ဆင်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အစီရင်ခံပါမည်။ အစီရင်ခံစာသည် စာမျက်နှာ (၂-၃) မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထား ဖော်ပြပါမည်။

- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဓိကအကျဆုံးသော အရေးကြီးသည့် အကြောင်းအရာနှင့်စိန်ခေါ်မှုများ၊
- ပြုပြင်ဆောင်ရွက်ရမည့်အဆိုပြုအစီအစဉ်၊
- နိုင်ငံတော်အစိုးရအဖွဲ့အစည်းများထံမှလိုအပ်သည့်အကူအညီစသည်တို့ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချို့ပိုင်းအလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှလိုအပ်မည်ဖြစ်သည်။

၁။ ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

ဇယား(၁) လုံရုံးကျေးရွာ၏လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	လူဦးရေစုစုပေါင်း၏ ရာခိုင်နှုန်း	အသက်အရွယ်အရ ပိုင်းခြားထားပုံ
၁ နှစ်အောက်	၂		၂	၀.၈%	နို့စို့အရွယ်
၅ နှစ်အောက်	၁၂	၇	၁၉	၇.၃%	၅ နှစ်အောက် ကလေးငယ်
၅နှစ်မှ၉နှစ်အကြား:	၈	၁၀	၁၈	၇%	မူလတန်းအရွယ်
၁၀-၁၄နှစ်အကြား:	၁၆	၁၅	၃၁	၁၂%	အလယ်တန်းအရွယ်
၁၅ နှစ်မှ၆၀နှစ်ကြား:	၈၆	၉၆	၁၈၂	၇၀.၂၇%	အလုပ်လုပ်နိုင်သောအရွယ်
၆၀ နှစ် နှင့်အထက်	၅	၂	၇	၂.၇%	အသက်ကြီးရွယ်ကြီး
စုစုပေါင်း:	၁၂၈	၁၃၁	၂၅၉	၁၀၀%	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသား‌များ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက် အလက်များ (၂၀-၂၂ရက်၊ဇူလိုင်လ၊၂၀၁၅နှစ်)

နောင်ချိုမြို့နယ်၊လုံရုံကျေးရွာအုပ်စု၊ လုံရုံရွာသည် အိမ်ခြေ၆၃အိမ်သာရှိသည့် ကျေးရွာတစ်ရွာ ဖြစ်ပြီးနောင်ချိုမြို့နှင့်မလှမ်းမကမ်းတွင်တည်ရှိပါသည်။ လူမျိုးရေးကွဲပြားမှုနည်းပါးပြီး လူဦးရေ စုစုပေါင်း၂၅၉ ဦးသာရှိခြင်းကြောင့် တစ်အိမ်ထောင်လျှင် ၄.၁ ဦးနှုန်းသာ နေထိုင်သည်ဟုဆိုရပါမည်။ ၁ နှစ်အောက် မွေးကင်းစအရွယ်တွင်လည်း လက်ရှိစာရင်းပြုစုချိန်၌ ကျား၂ဦး၊ ၅နှစ်အောက်တွင် ၁၉ဦး နှင့်၁၅နှစ်မှ၉နှစ်ကြားတွင် ၁၈ဦးသာရှိခြင်းကြောင့် စုစုပေါင်း ကလေးအရေအတွက် ၃၉ဦးသာရှိပါသည်။ သို့သော် လူဦးရေ ၂၅၉ သာရှိသော ကျေးရွာငယ် တစ်ခုတွင် ယင်းမှာ လူဦးရေစုစုပေါင်း၏ ၁၅% မျှရှိ သောကြောင့် လျော့နည်း သည်ဟုမဆိုသာချေ။ လူငယ်အနေဖြင့် ၁၂% နှင့်အလုပ်လုပ်နိုင်သော အရွယ် အပိုင်းအခြားတွင် ၁၈၃ ဦးဖြင့် ၇၀.၆၅% ရှိသောကြောင့် လုပ်သားအင်အား ကောင်းသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ သက်ကြီးရွယ်အိုစုစုပေါင်း ၆ ဦးသာ ရှိသောကြောင့် လူဦးရေနှင့် နှိုင်းစာ လျှင် ၂.၃၁% သာရှိပြီးနည်းပါးသည်ဟုဆိုနိုင်ပါသည်။ ကျေးရွာကိုမြန်မာသက္ကရာဇ် ၁၂၅၂ ခု ခရစ်သက္ကရာဇ် ၁၈၉၀ကတည်းက တည်ထောင်ထားခဲ့သည်ကို ကြည့်ပါက ကျေးရွာ၏ လူဦးရေ တိုးနှုန်းမှာအား‌နည်းသည်ဟုဆိုရမည်ဖြစ်ပါသည်။ ၁၉၈၅ခုနှစ် ကျမှသာ စစ်တပ်ပြောင်းရွှေ့လာပြီး လုပ်အား ပေးရသည်ဆိုသော အကြောင်းပြချက်ဖြင့် အိမ်ခြေ ၂၂ အိမ်နောင်ချိုမြို့ပေါ် ဘူတာရုပ်ကွက်သို့ ပြောင်းရွှေ့သွားခဲ့သည်မှလွဲလျှင် အခြားထူးခြားသော အကြောင်းအရာများမတွေ့ရချေ။ လူမျိုးအနေဖြင့် ဓနု၊ ရှမ်းနှင့် ဂေါရခါးလူမျိုးများ နေထိုင်ကြပါ

သည်။(မှတ်ချက်-ပျမ်းမျှသက်တမ်း၊ ကျန်းမာရေးနှင့်အခြားလွှမ်းမိုးတတ်သည့် အကြောင်းအရာများကို ထည့်သွင်း စဉ်းစားရန်လိုအပ်ပါသည်။ သို့သော် ယခုကောက်ယူသည့် ဇယားတွင် ယင်းတို့ကို ထည့်သွင်း စဉ်းစားထားခြင်းမရှိပါ။)

(ခ.၂) လုပ်သားအင်အား

ဇယား(၂) လုံရုံးရွာလုပ်သားအင်အားအခြေပြဇယား

လုပ်ငန်းကဏ္ဍများ	အဓိကလုပ်ငန်း	အခြားလုပ်ငန်း	အိမ်ထောင်စု	ရာခိုင်နှုန်း	မှတ်ချက်
စိုက်ပျိုးရေးလုပ်ငန်း:					
(ကိုယ်ပိုင်လယ်လုပ်ငန်း)	တောင်သူလယ်ပိုင်		၅၅	၉၀.၄၇%	
(အငှား၊လုပ်သား)	တောင်သူလုပ်သား		၃	၄.၇၆%	
မိသားစုဝင်ကူညီလုပ်ကိုင်သူ	-	-	-	-	မရှိ
မွေးမြူရေးလုပ်ငန်း:					
	-	-	-	-	
ငါးလုပ်ငန်း:					
သတ္တုတွင်းနှင့်ကျောက်တူးလုပ်ငန်း:					
(ကိုယ်ပိုင်)					
(လုပ်သား)					
မိသားစုဝင်ကူညီလုပ်ကိုင်သူ	-	-	-	-	
ဆောက်လုပ်ရေးလုပ်ငန်း:					
ကိုယ်ပိုင်		လက်သမား:	၁	၁.၅၈%	
ဝန်ထမ်း၊လုပ်သား:					
မိသားစုဝင်ကူညီလုပ်ကိုင်သူ					
လက်လီလက်ကားအရောင်းအဝယ်					
(မော်တော်ဆိုင်ကယ်၊အိမ်ဈေးဆိုင်၊ကုန်အရောင်းအဝယ်၊အိမ်သုံးပစ္စည်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများ)					
(ကိုယ်ပိုင်)		အိမ်ဈေးဆိုင်-၃(ဂေါရခါး၂+ ရွာမ်း၁)			စိုက်ပျိုးရေး
ဝန်ထမ်း၊လုပ်သား:					
မိသားစုဝင်ကူညီလုပ်ကိုင်သူ					
ပို့ဆောင်ရေး၊ကုန်သိုလှောင်ရေးနှင့်ဆက်သွယ်ရေးလုပ်ငန်း:					
ကိုယ်ပိုင်	-	ကျောင်းကြိုပို့	-	၁.၅၈%	
လုပ်သား:					
မိသားစုဝင်ကူညီလုပ်ကိုင်သူ	-				
အိမ်များတွင်အငှားလိုက်လုပ်သူကျပမ်းလုပ်သားများ					
ပင်စင်နာ		စစ်မှုထမ်းဟောင်း: အငြိမ်းစား ဝန်ထမ်း:	-	၂	၂.၁၇%
စုစုပေါင်း:			၆၃		

ရည်ညွှန်း.. ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက် အလက်များ (၂၀-၂၂ရက်၊ဇူလိုင်လ၊၂၀၁၅နှစ်)

လုံရုံးရွာသည် အိမ်ခြေဖခုအိမ်သာရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ်လုပ်ကိုင်ကြသဖြင့် မွေးမြူရေးအပါအဝင် အခြားအသက်မွေးဝမ်းကျောင်းမျိုးကွဲများ နည်းပါးသည်ကိုတွေ့ရပါသည်။

(၁.၃) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၃) လုံရုံးရွာ၏ စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

မြေအမျိုးအစား	ပမာဏ (ဧက)	မြေအရည်အသွေး	ဆည်ရေရရှိမှု	ရေအရင်းအမြစ်ရရှိနိုင်မှု	မှတ်ချက်
လယ်မြေ	၂၉	သင့်	မရှိ	ရွာအရှေ့ဘက်နမ့်ဟူးမိမ့်မုံ(သရက်ပင်) ရေထွက်မှလယ်၁၅၈ကေ မိုးရေ	
ယာမြေ	၄၂၇(၂၃ဦး ပုံစံ(၇)	ကောင်း	မရှိ	မိုးရေ	
စုစုပေါင်း	၄၅၆	ကောင်း	မရှိ		

ရည်ညွှန်း..ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ (၂၀-၂၂ရက်၊ ဇူလိုင်လ၊ ၂၀၁၅နှစ်)

မြေဧရိယာစုစုပေါင်း (လယ်+ယာ) ၄၅၆ ဧကသာရှိသည့်အတွက် အိမ်ထောင်စု ၆၃ အိမ်နှင့်တွက်ပါက တစ်အိမ်ထောင်လျှင် ပျမ်းမျှ ၇.၂၃ကေပိုင်ဆိုင်သည်ဟု ဆိုနိုင်ပြီး လယ်ယာပိုင်ဆိုင်သူအိမ်ထောင်စု ၂၇ အိမ်ဟုဖော်ထုတ်ရရှိသောကြောင့် ၆ ဦးသာ လယ်ယာမြေမရှိသည်ကိုတွေ့ရှိရပါသည်။ ထို့ကြောင့်တစ်ရွာလုံးအနေဖြင့်ကြည့်သော ယေဘူယျအားဖြင့် လူမှုစီးပွားဖူလုံအောင် လုပ်ကိုင်စား သောက်နိုင်သော အခြေအနေရှိသည်ဟုဆိုရပါမည်။

(၁.၄) ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား၄။လုံရုံးကျေးရွာ၏ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များအခြေပြဇယား

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	မရှိ	
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ကျောက်မီးသွေး၊သဲ) စသည့် အခြားသဘာဝအရင်းအမြစ်	ဖြုန်းအုတ်	လွယ်
တိရစ္ဆာန်မျိုးစိတ်များ	နည်း	ခက်
အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	နည်း	ခက်

ရည်ညွှန်း ..ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၂၀-၂၂ရက်၊ဇူလိုင်လ၊၂၀၁၅နှစ်)

နောင်ချို့မြို့နယ်တစ်ဝိုက်တွင် တွေ့ရများသော ပြုန်းအုတ်ကို လုံရုံးရွာနားတစ်ဝိုက်တွင်လည်း လွယ်ကူစွာလက်လှမ်းမီရရှိနိုင်ပါသည်။ သို့သော်ကျေးရွာအတွင်း ပြုန်းအုတ် လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးတစ်ယောက်မျှမရှိချေ။ သစ်တောနည်းပါးလာခြင်းနှင့် သစ်တောသယံဇာတများရှားပါးလာပြီးအခြားသဘာဝရင်းမြစ်များလည်းရှားပါးလာပါသည်။ အခြားရွာများနည်းတူမီးသွေးဖုတ်လုပ်ငန်းလုပ်ကိုင်ခဲ့ပြီး ယခုအခါသစ်တောများမရှိတော့သောကြောင့် ရပ်နားသွားခဲ့ပြီဖြစ်ပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား(၅) လုံရုံးကျေးရွာ၏ဥစ္စာဓနအဆင့်အတန်းခွဲခြားခြင်းပြဇယား

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲ သောအိမ် ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၅ကနှင့်အထက်	၅ကနှင့်၁၀ကကြား	၂ကမှ၃ကထိ	မြေယာမဲ့
အိမ်အခြေအနေ	တံမံသလင်းခင်း၊ အုတ်နံရံ၊သွပ်မိုး	အုတ်ကြမ်းကာ၊တံမံသလင်းခင်း၊သွပ်မိုး	သွပ်မိုး၊ထရံကာ၊ တံမံသလင်းခင်း	သွပ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	ထွန်စက်၊ကုန်ကား၊ လက်တွန်း၊ထော်လာဂျီ၊ပြောင်းချေစက်	လက်တွန်းထွန်စက်၊ ကျွဲ၊ထယ်၊ထွန်	ပေါက်ပြား၊ ဓား ကောက်၊ ဓား၊ တံစဉ်	ပေါက်ပြား၊ ဓား ကောက်၊ ဓား၊ တံစဉ်
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သောပိုင်ဆိုင်မှု အဓိကစီးပွားရေး	စလောင်း၊ဆိုင်ကယ်၊ရွှေ(၅)ကျပ်သား၊ ဖုန်း	စလောင်း၊ဆိုင်ကယ်၊ ရွှေ(၁)ကျပ်သား၊ဖုန်း	ဖုန်း၊ခေါက်တီဗီ	ဖုန်း၊ရေဒီယို
လုပ်ငန်း၊တန္နစ်ဝင်ငွေ	သိန်း၁၃၀	သိန်း၄၀	သိန်း၂၀	၈သိန်း
အခြားပိုင်ဆိုင်မှု အိမ်ထောင်စုပေါင်း	၁၀	၁၈	၂၀	၁၅

ရည်ညွှန်း.. ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၂၀-၂၂ရက်၊ဇူလိုင်လ၊၂၀၁၅နှစ်)

(၁.၅) ထိခိုက်လွယ်မှု

ဇယား (၆) လုံရုံးကျေးရွာ၏ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စုများဇယား

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား မ	ပေါင်း
သက်ကြီးရွယ်အိုပဝဏန်စ်နှင့်အထက်	မိသားစုစောင့်ရှောက်မှုမရှိ		
မသန်စွမ်းသည့်ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိ		
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	အိမ်ထောင်စုအရေအတွက် ဆင်းရဲ၍မိသားစုဦးရေများ		
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ	၃	
ဆင်းရဲသည့်အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွား ရောက်နေထိုင်လုပ်ကိုင်နေသူ		

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်း အချက်အလက်များ (၂၀-၂၂ရက်၊ဇူလိုင်လ၊၂၀၁၅နှစ်)

လုံရုံးရွာသည်အိမ်ခြေ ၆၃အိမ်သာ လက်ရှိနေထိုင်နေသော ကျေးရွာဖြစ်ပြီး သာမန်အားဖြင့် ထိခိုက်လွယ်မှုကိုဖော်ထုတ်ရန်မှာ ဆင်းရဲနွမ်းပါးမှု၊ ပြည်သူ့ဝန်ဆောင်မှုများကို လက်လှမ်းမှီမှုနှင့် ကျေးရွာတွင်းရှိဆုံးဖြတ်ချက်ချမှုဖြစ်စဉ်များတွင် အမြဲလိုပါဝင်ခွင့်ရသူနှင့် မရသူများအစုနှင့် အဘယ်ကြောင့်ထိုသို့ဖြစ်ရသည်ကို နားလည်မှုစသည်တို့နှင့် ဆက်စပ်ရမည်ဖြစ်ပါသည်။ သာမန်အားဖြင့် ကျေးရွာအတွင်း ဆင်းရဲနွမ်းပါးပြီး မိသားစုဦးရေများသည့်အပြင် ကျေးရွာဆုံးဖြတ်ချက်များတွင် ပါဝင်မှုနည်းသော အိမ်ထောင်စုမုဆိုးဖိုတစ်ခုလပ် ၃အိမ်ကိုသာရွေးချယ်ပါသည်။ ထူးခြားသည့် အချက်မှာ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုဆင်းရဲပြီးမိသားစုများကို တစ်အိမ်မျှ ရွေးချယ်ပေးခြင်းမရှိခြင်း ဖြစ်ပါသည်။

ဇယား (၇) ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်သည့်အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	ဇယား၁၁ပါစားနပ်ရိက္ခာမဖူလုံမှုအခြေအနေအရာလအောက်သာပုံမှန်စားနိုင်သောအိမ်ထောင်စု၃၃ % ထိရှိသည်။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (စိုက်ပျိုးမြေ၊ရေစသည်)	လတ်	မိုးခေါင်ရေရှားစသည့် ဒေသမျိုး မဟုတ်ပဲ လုပ်ကိုင်စား သောက်ရသည့်မြေထပ်မံချဲ့ထွင် ရန်မရှိခြင်းသာဖြစ် သည်။ သို့သော်နောက်မျိုးဆက်များ အတွက်မြေယာအမွေချန်မထားနိုင်ခဲ့ခြင်းနှင့်စိုက်ပျိုးမှုပုံစံနှင့်အသက်မွေးဝမ်းကြောင်းများပြောင်းလဲလာခြင်းကိုတုံ့ပြန်ဖြေရှင်းရမည့်နည်းလမ်းမရှိခြင်း။

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ ဖြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းစရိယာ

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ

ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ဇယား (၂၈) ကျောင်းအပ်နှုန်း

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ

ဇယား (၃၀) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား (၃၃) သောက်သုံးရေ ရရှိမှု

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၁

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(နိမ့်/လတ်/မြင့်)	မှတ်ချက်
			(မှတ်ချက်။မူဝါဒလည်းအားနည်းသည်)
၃	ရေကြီးခြင်း	နိမ့်	ဖြစ်ပွားမှုမရှိသေး
၄	မိုးခေါင်ခြင်း	လတ်	မိုးဦးနောက်ကျ ခြင်းဒုနှစ်ဆက်တိုက်ကြုံတွေ့ရ
၅	မုန်တိုင်း	နိမ့်	၁၉၈၁ခုနှစ်ကမုန်တိုင်းဒဏ်ကြောင့်အိမ်၁၁အိမ်ပျက်စီးပျူးသည်။
၆	ငလျင်	နိမ့်	ငလျင်ကြီးမကြုံဘူး
၇	မီးဘေး	နိမ့်	မလောင်ဘူး။ရွာမီးသတ်ရှိ
၈	ဆားငံရေဝင်မြေ		
၉	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	လတ်	စီပီပြောင်းတစ်မျိုးတည်းသာတစ်ခွင်တစ်ပြင်စိုက်ပျိုးနေခြင်းကြောင့်နှင့်မြေဆီလွှာစနစ်တကျထိန်းသိမ်း ခြင်းနည်းပညာဂန်ဆောင်မှုမရရှိခြင်း
၁၀	သစ်တောပြုန်းတီးခြင်း	မြင့်	မီးသွေးဖုတ်လုပ်ငန်းထွန်းကားခဲ့သည့်ဒေသဖြစ်ခြင်း
၁၁	၄က်ဖျားရောဂါ	နိမ့်	တောင်ယာများတွင်နေထိုင်လုပ်ကိုင်သူအချို့၏ကျန်းမာရေးနှင့်မညီသောအလေ့အထများရှိကြသည်။
၁၂	တီဘီရောဂါ	နိမ့်	ဖော်ထုတ်တွေ့ရှိရမှုမရှိသေး
၁၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်	မတွေ့ရသေး
၁၄	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	နိမ့်	မရှိ
၁၅	လူကုန်ကူးခြင်း	နိမ့်	မရှိ
၁၆	ဓေးလံသီခေါင်၊လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	နိမ့်	နောင်ချို့မြို့နှင့်နီးကာမန္တလေး-လားရှိုးကားလမ်းဘေးမှအဆဲသို့အနည်းငယ်သာကျောက်ကြမ်းလမ်းဖြင့်ဝင်ရသည်။
၁၇	အခြား		

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၂၀-၂၂ရက်၊ဇူလိုင်လ၊၂၀၁၅နှစ်)

လုံရုံးကျေးရွာ၏ ထူးခြားဖြစ်စဉ်ဖော်ထုတ်ချက်တွင် ၁၉၇၀ခုနှစ် တစ်ဝိုက်တွင် မကြာခဏဘေးပြ အတိုက်ခံရခြင်းများ ဖြစ်ပွားခဲ့ပြီး ၁၉၈၃-၈၄ ခုနှစ်တွင် တပ်မတော် ရောက်ရှိလာပြီးနောက် ပျောက်ကွယ်သွားခဲ့သည်။ သို့သော် စစ်တပ်တည်ဆောက်ရေးအတွက် လုပ်အားပေးရခြင်းကြောင့် လုပ်အားပေးရန်အခက်အခဲရှိသည့် အိမ်ခြေ၂၂အိမ်သည် နောင်ချို မြို့ပေါ်ဘူတာရုံကွက်သို့ ၁၉၈၅ ခုနှစ်တွင်ပြောင်းရွှေ့သွားခဲ့သည်။ ၁၉၅၄ခုနှစ်တွင်ဝက်သက်ရောဂါများ အဖြစ်များခြင်း၊ ၁၉၆၈ တွင် ကွေးနွားလည်ချောင်းနာရောဂါဖြင့် အသေအပျောက်များခြင်းနှင့် ၁၉၈၁ တွင် လေမုန်တိုင်းဒဏ်ကြောင့် အိမ်ခြေ ၁၁ အိမ်ပျက်စီးခဲ့ဘူးကြောင့် မှတ်သားထားပါသည်။ အမှတ်၁၁၅စစ်တပ်သည် ရွာအဝင်လမ်းပေါ်ကားလမ်းမနှင့် ရွာအကြားကာခြားထားသကဲ့သို့ဖြစ်ခြင်းကြောင့် လုံခြုံရေးကောင်းမွန်သည် ဟုဆိုနိုင်ပါသည်။

(၁.၅.၃) မည်သူတို့သည်ထိခိုက်လွယ်ကြသနည်း။

ဇယား(၈) လုံရုံကျေးရွာထိခိုက်လွယ်သူများဆန်စစ်ချက်ပြဇယား

စဉ်	ထိခိုက်လွယ်အစုများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	နိမ့်	ကိုယ့်ရွာအလုပ်နှင့်ကိုယ်ရွပ်၊ မြို့သွားသောအလေ့အထနည်း
၂	အမျိုးသမီးဦးဆောင်ဆင်းရဲအိမ်ထောင်စု	နိမ့်	ကျန်းမာရေး မကောင်း၊ ရိုသမျှ ရောင်း
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်	မိုးတွင်းငှလနေ့စား၊လိုက်၊ချေးငှားစားနေရ
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောကူးစက်ရောဂါထူပြောသောဒေသ	နိမ့်	
၅	မြစ်ကမ်းဘေးနေလူထု		မရှိ
၆	မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)	နိမ့်	
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP)		မရှိ
၈	မြေနိမ့်ပိုင်းနေထိုင်သူများ		မရှိ
၉	ငါးကန်ပိုင်ရှင်		မရှိ
၁၀	လက်လုပ်လက်စား၊ကျပန်း	လတ်	ဝင်ငွေနည်းပါးသောလများ
၁၁	လူနည်းစုလူမျိုးများ	နိမ့်	
၁၂	ဒေသတွင်းပဋိပက္ခဧရိယာ		
၁၃	နယ်စပ်ဒေသ		
၁၄	ဆေးစွဲသူများ		
၁၅	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ		တောတွင်းတောင်ယာနေမိသားစု
၁၆	လှည့်လည်သွားလာ၍ဈေးရောင်းသူများ		
၁၇	ရွှေ့ပြောင်းလုပ်သားများ		
၁၈	ကားသမား(နောင်ချို-လုံရုံးကျောင်းကြီးပို့)	လတ်	
၁၉	အခြား		

ရည်ညွှန်း ..

ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ (၂၀-၂၂ရက်၊ဇူလိုင်လ၊၂၀၁၅နှစ်)

ကျေးရွာသည် အိမ်ခြေနည်းပြီး စိုက်ပျိုးရေးလုပ်ငန်းတစ်ရပ်တည်းကိုသာ မှေက်ခြလုပ်ကိုင်ခြင်း နှင့်လူငယ်များပြင်ပနှင့်ဆက်သွယ်မှုနည်းပါးခြင်းတို့သည် ရေရှည်အားဖြင့် ကျေးရွာကိုပြင်ပလူ အသိုက်အဝန်းဖြင့်ဆက်ဆပ်မှုအားနည်းလာစေခြင်းကြောင့် လူမှုစီးပွားတစ်ရပ်လုံးကို ထိခိုက် လွယ်စေနိုင်သည့် အခြေအနေရှိနေပါသည်။ကျေးရွာထူးခြားဖြစ်စဉ်ဖော်ထုတ်ချက်အရ ငလျင်၊ မိုးခေါင်ခြင်းစသည့် သဘာဝ ဘေးအန္တရာယ်များနှင့် ဓမြတိုက်ခံရခြင်းစသည့် လူကြောင့်

ဖြစ်သည့် အန္တရာယ်အရှိုးကို ကြိုးခဲ့ပုံးရခြင်းမှလွဲပြီးဆိုးရွားသည့်ဘေးအန္တရာယ်ကြီးများ ကြုံတွေ့ခဲ့ရဟူးခြင်း မရှိသေးဟု

၂။ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

ဇယား(၉)။ကျေးရွာဝင်္ဂရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
			ကျား	မ	လေါင်း			
၁	၇နှစ်မေတ္တာငွေစုအဖွဲ့	၁	၁၄	၂၅	၃၉	ငွေစု၊ငွေတိုးပေး၊လူမှုရေးကူညီ	၄	၆
၂	ဓမ္မစကြာအဖွဲ့	၃		၂၄	၂၄	ဓမ္မစကြာရွတ်	၄	၆
၃	မိခင်နှင့်ကလေး	၂		၂	၂	မိခင်နှင့်ကလေးကျန်းမာရေး	၅	၇
၄	ရွာမ်းစာပေနှင့်ယဉ်ကျေးမှု	၃	၁၀	၂၀	၃၀	ကလေးများကိုတစ်နေ့တစ်နာရီရွာမ်းစာသင်(တလ၃၀၀၀)	၅	၆
၅	ပြည်သူ့စစ်	၂	၁၀		၁၀	ပွဲလမ်းသဘင်၊ရပ်ရွာလုံခြုံရေး	၅	၇
၆	အပျိုအဖွဲ့၊လူပျိုအဖွဲ့	၂	၁၅	၂၂	၃၇	ရပ်ရွာရွာရေးပူးပေါင်းလုပ်ဆောင်	၄	၇
၇	ပက်မြန်မာငွေစုငွေချေးအဖွဲ့	၁		၂၃	၂၃	ပက်မြန်မာထံမှငွေချေးယူ၊အတိုးပြန်ပေး၊	၅	၇
၈	ယူအင်ဒီပီ-ကိုယ့်အားကိုယ်ကိုးငွေစုငွေချေးအဖွဲ့	၁		၁၃	၁၃	၂၀၀၈မှ၂၀၁၃ အတွင်းမတည်ပေးခဲ့(၃၄သိန်း)-အသင်းဝင်အချင်းချင်းသာ	၅	၆

ရည်ညွှန်း .. ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော

လုံရုံးရွာကိုကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်က ၂၀၀၈ ခုနှစ်တွင် ပင်ရောက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်း များလုပ်ကိုင်ပေးခဲ့ပြီး ၂၀၁၃ခုနှစ်တွင် မတည်ငွေ ၃၄သိန်းဖြင့် လည်ပါတ်ရုံပုံငွေ တစ်ခုကို အမျိုးသမီး များအတွက်တူထောင်ပေးခဲ့ပါသည်။ ထို့အတူ ပက်မြန်မာငွေချေးအဖွဲ့ကလည်း အမျိုးသမီး ၂၃ ဦးကို ဝိုင်းကြီးချုပ် စနစ်ဖြင့်ချေးငွေချထားပေးပြီး လည်ပတ်လုပ်ကိုင်နေပါသည်။ လူမှုရေး

အဖွဲ့အစည်းတစ်ခုဖြစ်သော ရွာမ်း-ဝုန်းမေတ္တာငွေစုငွေချေးအဖွဲ့သည်လည်း ရိုးရာ အလေ့အထကောင်းတစ်ခုအနေဖြင့် ကနဦး ကပင်သတင်းအချက်အလက်များ (၂၀-၂၂ရက်၊ ဇူလိုင်လ ၊ ၂၀၁၅)

တည်ရှိခဲ့သော ရပ်ရွာအခြေပြုအဖွဲ့အစည်းဖြစ်သည့်အပြင် လူမှုရေးကွန်ယက်တစ်ခုအဖြစ် ကျောက်မဲမြို့နယ် ရွာမ်းလူမှုအဖွဲ့အစည်းများဖြင့် ချိတ်ဆက်နေသည်ကိုတွေ့ရပါသည်။ ရွာမ်းဓလေ့ယဉ်ကျေးမှုများကို တတ်အားသ၍ ထိန်းသိမ်းလိုကြပြီး လူငယ်တို့ကိုရိုးရှာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများလက်ဆင့်ကမ်းနေဆဲဖြစ်ပါသည်။ ဥပမာအားဖြင့် အဆိုပါအဖွဲ့အစည်းများဖြင့် ချိတ်ဆက်ကာရွာမ်းစာပေသင်ကြားပေးနိုင်သူဆရာ/မကိုဖိတ်ကြားပြီးတစ်နေ့လျှင် တစ်နာရီ ရွာမ်းစာပေသင်ကြားပေး နေခြင်းမျိုးဖြစ်ပါသည်။

မှတ်ချက်။ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာတို့သည် သာမန်အားဖြင့်မြို့နယ်မှ ဖွဲ့စည်းပေးပြီး အုပ်ချုပ်ရေးနှင့်နီးစပ်သူများသာ ပါဝင်လေ့ရှိကြောင်းနှင့် ကျေးရွာအခမ်းအနားများကို တက်ရောက်ပေးကြရလေ့ရှိကြောင်းဖော်ထုတ်ကြပါသည်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်
(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့
(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်
(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း
(၇) သင့်
(၈) ညံ့ (အားနည်း)

(၂.၁) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက်ပြင်ပအဖွဲ့အစည်းများ၏အခြေအနေ

(၁၀) ကျေးရွာနှင့်ဆက်စပ်ဖွံ့ဖြိုးရေးအတွက်ပြင်ပအဖွဲ့အစည်းများပြဇယား

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်
၁	ကျောက်မဲဝုန်းမေတ္တာငွေစုအဖွဲ့	၃	အဖွဲ့ဝင်များကိုစာရင်းကိုင်သင်တန်းပေးခြင်း၊ စည်းရုံးရေးသင်တန်း
၂	ပက်မြန်မာအဖွဲ့	၂	ငွေချေးပေး၊အတိုးစုဆောင်း၊ငွေစုအဖွဲ့များဖွဲ့ခြင်း
၃	ယူအင်ဒီပီ	၄	ငွေစုအဖွဲ့များဖွဲ့ထားခဲ့သည်။

ဇယား- ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၂၀-၂၂ဇူလိုင်လ၊၂၀၁၅)

ကျေးရွာပြင်ပဆက်စပ်အဖွဲ့အစည်းများကို လေ့လာကြည့်လျှင် အဓိကအားဖြင့် ငွေကြေးအရင်းအနှီးအတွက်သာ ဆက်သွယ်သည်ကို တွေ့ရှိရပါသည်။ အုပ်ချုပ်ရေးနှင့် အစိုးရဌာနဆက်စပ်ရမည့် အရေးကိစ္စများကိုလည်း အနည်းဆုံးအနေအထားဖြင့်သာ လုပ်ဆောင်သည်ကို တွေ့ရှိရပြီး လုံရုံးရွာအနေဖြင့် သက်ဆိုင်ရာဌာနများက ပေးသောဝန်ဆောင်မှုများအား ဃဃနနသိရှိမှုနည်းပါးပါသည်။ ရပ်ရွာလူကြီးများဖြင့်သာ ကိစ္စများပြီးငြိမ်းစေသည်ဟု ဆိုရမည်ဖြစ်ပါသည်။ ဗင်းပုံစံ လေ့လာချက်ကိုကြည့်လျှင် လူမှုရေးအတွက်လူငယ်အသင်းအဖွဲ့၊ ဘာသာရေးအတွက် ခမ္မစကြာအဖွဲ့နှင့်ကျန်အဖွဲ့များမှာ ငွေကြေးအရင်းအနှီးအတွက် ရပ်ရွာအခြေခံပြီးဖွဲ့ထားသော အဖွဲ့ဟူ၍ အဓိကအားဖြင့်ဉမျိုးတွေ့ရပါသည်။ ဘာသာရေးအခြေပြုမှလွဲလျှင် ကျန်အဖွဲ့များမှာ ကျောက်မဲမြို့နှင့် ဆက်စပ်မှုအားကောင်းသည်ကိုတွေ့ရပြီး အုပ်ချုပ်ရေးဆက်စပ်အဖွဲ့များသာ နောင်ချိုမြို့နယ် အစိုးရဌာနများဖြင့် ချိတ်ဆက်လုပ်ဆောင်လေ့ရှိပါသည်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

(၂.၁.၃) ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ၊

ဇယား (၁၁) လုံရုံးရွာဝမ်းစာဖူလုံမှုအခြေပြဇယား

ချေးငှားခြင်းမပြုဘဲထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စု ၁၀ အိမ် (အဆင့်၁)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃လအောက်	၂၁	၃၃.၃၃%	သီးနှံပွဲစားထံမှချေးပြန်ဆပ်
၃လနှင့်၅လအထိ	၅	၇.၉၃%	သီးနှံပွဲစားထံမှချေးပြန်ဆပ်
၆လမှ၁၂လအထိ	၃၇	၅၈.၇၃%	

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၂၀-၂၂ရက်၊ဇူလိုင်လ၊၂၀၁၅နှစ်)

လုံရုံးရွာသည်အိမ်ခြေ၆၃အိမ်သာရှိပြီး ရွာ၏ မြေစကအား လုံးနီးပါးစီပီပြောင်းကိုဝင်ငွေရသီးနှံအဖြစ်ပိုမိုစိုက်ပျိုးလာပြီး ဝမ်းစာစပါးစိုက်ပျိုးသည်နည်းလာသည်နှင့်အမျှဝမ်းစာဖူလုံမှုကိုစပါးသိုလှောင်နိုင်မှုထက်ပုံမှန်အခြေမပျက်ဆန်ကိုဝယ်ယူစားသုံးသည့်အလေ့အထကပိုမိုလာသည်ကိုတွေ့ရှိရပါ

သည်။လက်ငုတ်လက်ရင်းလယ်သမား များဖြစ်ခြင်းကြောင့်ရိုးရာအရပမ်းစာသိုလှောင်သည်မှလွဲလျှင် မိမိစိုက်ပျိုးသောဆန်ကိုသိုလှောင်စားသုံးသူလျော့နည်းလာသည်ကိုတွေ့ရပါသည်။

မှတ်ချက်။။။ ပမ်းစာဖူလုံမှုသည် ကျေးရွာ၏ အဓိကအစားအစာမည်မျှ သိုလှောင်ထားနိုင်ပြီး အရေးပေါ် အခြေအနေအတွက် မည်သို့စီစဉ်ထားရှိသည်ဆိုသော အတိုင်းအတာဖြင့် ချိတ်ဆက်ရ မည်ဖြစ်ပါသည်။ ယေဘူယျအားဖြင့် မြန်မာနိုင်ငံ၏ လူဦးရေ ၇၀% ကျေးလက်၌ နေထိုင်သော ကြောင့် ပမ်းစာဖူလုံမှုအနေအထားသည် ကျေးလက်၌ပင် မိမိအရင်းအမြစ်ကို ကိုယ်တိုင် ပိုင်နိုင်စွာ ထိန်းချုပ်ပြီး ပမ်းစာဖူလုံမှုရှိအောင် စီမံထားနိုင်သည့် အနေအထားတွင်ရှိသင့်ပါသည်။ သို့သော် အကြီးစားစိုက်ပျိုးရေးစီးပွား(စိုက်ပျိုးစီးပွား) လုပ်ငန်းများကြောင့် ဝင်ငွေရသီးနှံ တစ်ခုတည်းကို သာ အထူးဦးစားပေးစိုက်ပျိုးလာသောအခါ မိမိအတွက်ပမ်းစာကိုပင်လျှင် ကျေးရွာ ပြင်ပမှ ဝယ်ယူ စားသုံးလာရပါသည်။ ဝင်ငွေရသီးနှံကိုဦးစားပေးခြင်းသည် သီးနှံတစ်မျိုးတည်းကို အများအပြား စိုက်ပျိုးရပြီးယင်းသို့ စိုက်ပျိုးရခြင်းက မြေဆီလွှာအရည်အသွေးနိမ့်ကျခြင်းများ ဖြစ်ပေါ်လာစေနိုင် ပြီးရေရှည်တွင်ပြင်ပကိုပိုမိုအားထားလာရခြင်းကြောင့် ကျေးရွာ၏ပမ်းစာဖူလုံမှုမှာ ထိခိုက်လာနိုင် ဖွယ်ရှိပါသည်။ ယင်းကို သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေအစီအမံများမရှိခြင်း၊ ထိခိုက် လွယ် အစုများအတွက် အစီအမံများနည်းပါးခြင်းတို့ဖြင့် ထပ်ပေါင်းလျှင် ပမ်းစာဖူလုံမှုကို သာမက လူမှုစီးပွားတစ်ရပ်လုံးကို ရိုက်ခတ်လာနိုင်ဖွယ်ရှိပါသည်။ (ဇယား ၇ နှင့် ဇယား၈ပါ မှတ်ချက် များ လည်းရှု)

(၂.၃) စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊
(၂.၃.၁) စိုက်ပျိုးရေးသီးနှံ

ဇယား(၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့်အိမ်ထောင်စုပြဇယား

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ပို့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၆	၉.၅၂%	မြေယာမဲ့
၂	၂.၅ကေအောက်(၁ဟတ်တာထိ)	၇	၁၁.၁၁%	ဆင်းရဲသားတောင်သူ
၃	၂.၅ကေမှ၅ကေထိ (၂ဟတ်တာထိ)	၁၈	၂၈.၅၇%	တောင်သူငယ်
၄	၅ကေမှ၁၂.၅ကေကြား(၅ဟတ်တာထိ)	၂၂	၃၄.၉၂%	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ကေအထက်(၅ဟတ်တာနှင့် အထက်)	၁၀	၁၅.၈၇%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စုစုပေါင်း	၆၃	၁၀၀%	

ရည်ညွှန်း .. ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသား များကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်း အချက်အလက်များ (၂၀-၂၂ရက်၊ဇူလိုင်လ၊၂၀၁၅ခုနှစ်)

လုံရုံးရွာအိမ်ခြေ ၆၃ အိမ်အနက် ၆ အိမ်သာ စိုက်ပျိုးမြေမရှိသည့် မြေမဲ့ယာမဲ့များအဖြစ် ဖော် ထုတ်ကြပါသည်။ မြေယာထပ်မံချဲ့ထွင်ရန် မဖြစ်နိုင်တော့ခြင်းကြောင့် လူဦးရေတိုးပွားနှုန်း မြင့်လာ ခဲ့လျှင် မြေယာအကျပ်အတည်းဖြစ်နိုင်ပါသည်။

(၂.၃.၁.၂) အစီးရန့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်စရိယာ

ဇယား(၁၃) ရိုက်ပျိုးရေးရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်စရိယာ(ဧက)ပြဇယား

စဉ်	အရင်းအမြစ်	အစီးရန့်ပုဂ္ဂလိက	ရေသောက်ဧက	ရှိရှိနိုင်မှု(တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ဆည်			
၂	ရေလွှဲဆည်			
၃	မြစ်ရေတင်စီမံကိန်း			
၄	ဆည်မြောင်း			
၅	အဝီစီတွင်း			
၆	လက်ဝင်ရေတွင်း			
၇	စိမ့်စမ်းရေ	ပုဂ္ဂလိက	၁၅ဧက	ရာသီအလိုက်(ဆောင်းရာသီ-ဂျုံစိုက်ချိန်)

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၂၀-၂၂ရက်၊ဇူလိုင်လ၊၂၀၁၅နှစ်)

လုံရုံးကျေးရွာသည် ရှမ်းပြည်မြောက်ပိုင်းနောင်ချိုမြို့နယ်အတွင်း တည်ရှိပြီး ကုန်းမြင့် ဒေသ၏အစိတ်အပိုင်းဖြစ်ပြီးမြစ်ကြီးချောင်းကြီးတွေ့ရခဲသည့်ဒေသဖြစ်ပါသည်။ ရွာအလိုက်တောအလိုက် ဂနိုင်ငယ်များရှိတတ်ကြပြီး ထိန်းသိမ်းထားရှိမှုအားကောင်းသော ဒေသတစ်ခုဖြစ်ပါသည်။ ထို့အတူ လုံရုံးကျေးရွာသည်လည်း သစ်စာဖွဲ့ပင်များတောအုပ်သဖွယ်(ဂနိုင်)ပေါက်ရောက်သည်ကို အစွဲပြုပြီး ရှမ်းဘာသာဖြင့် လုံရုံးဟု ခေါ်ဆိုခဲ့ကြခြင်းဖြစ်ပါသည်။ ယခုအခါစိမ့်စမ်းရေထွက်ရှိပြီး ရာသီသီးနှံစိုက်ပျိုးနိုင်သော ပုဂ္ဂလိက ပိုင်စိုက်ပျိုးဧက ၁၅ဧကမျှသာကျန်ရှိပြီး ရာသီအလိုက်သီးနှံများ စိုက်ပျိုးလေ့ရှိပါသည်။ ကျန်လယ်ယာများမှာမိုးကောင်းသောက် ကိုသာအဓိကအားထားနေကြရပါသည်။

(၂.၃.၁.၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၄) လုံရုံးရွာအဓိကသီးနှံများနှင့်ထွက်နှုန်းပြဇယား

သီးနှံ	ကေ	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး	၁၅	တင်း	၅၀	၁၀၀	၅၀	နယုန်မှတန်ဆောင်မုန်း	မြင့်	နိမ့်	ဝမ်းစာအတွက်သာအဓိကဖြစ်ပြီးလယ်ကွင်းတစ်ကွင်းလျှင်ပျမ်းမျှ ၂ သောင်း
ရေဆွင်း(ကြဲ)(မိုး)	၁၅၀	တန်	၂၀	၃၅	၂၇.၅	တပို့တွဲမှတပေါင်းထိဝါဆို-နယုန်	မြင့်	လတ်	

						သီးနှံထွက်မှု							
သီးနှံ	စက	ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နှိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နှိမ့်/လတ်/မြင့်)	မှတ်ချက်				
ပြောင်း	၁၅၀	ပိသာ	၉၀၀	၁၃၃၃	၁၁၁၆	ကဆုန်မှသိတင်းကျွတ်	လတ်	မြင့်	(စက်ရုံသွင်းဈေး) ပျမ်းမျှ ၁ပိသာ ၃၀၀ ရ				

ရည်ညွှန်း .. ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသား များကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၂၀-၂၂ရက်၊ ဇူလိုင်လ၊၂၀၁၅ခုနှစ်)

မှတ်ချက်။ ကြဲစိုက်ပျိုးရာတွင်ရေရရှိပါကတပိုတွဲတွင် စိုက်ပျိုးလေ့ရှိပြီးမိုးအရနည်းသည့်နှစ်များတွင်ရွာအနီးသရက်ပင်ချောင်း အတွင်းရေအရ နည်းသည့်အခါ ဝါဆိုလမှသာ စိုက်လေ့ရှိကြပါသည်။ ပိုးမွှေးမြူရေးနှင့် တွဲဖက်ပြီး ပိုးစာပင်စမ်းသပ်စိုက်ပျိုးနေသော်လည်း ဈေးကွက်ဝင်အနေဖြင့်စကများများစိုက်ပျိုးနိုင်ခြင်းမရှိသေးချေ။ တရုတ်ဖြင့် အဆက်အစပ်ရှိသူ တစ်ဦးက စိုက်ပျိုးခိုင်းထားပြီး ဈေးပေးဝယ်ယူမှုရှိနေသော်လည်းအောင်မြင်နိုင်ချေရှိမရှိမသိနိုင်သေးချေ။ ပန်းနှမ်းစက ၅၀ခန့်စိုက်ပျိုးထားပြီးအကွက် အနည်းငယ် ကျဲစိုက်ပျိုးထားသောတောင်သူ ၅ဦး ရှိပါသည်။

(၂.၃.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား၁၅။လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ

စက်အမျိုးအစား:	အိမ်ထောင်စုအရေအတွက်	ရှာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်	၅		ကောင်း
ရိတ်သိမ်းစက်			
လက်တွန်းထွန်စက်	၁၅		ကောင်း
ပြောင်းဖူးချေစက်	၁၄		ကောင်း
ရေစုပ်စက်	၉		ကောင်း
ခြေနင်းရေတင်စက်			
မျိုးစေ့ချစက်			
မြက်ရိတ်စက်			

ရည်ညွှန်း

..ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသား များကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ (၂၀-၂၂ရက်၊ဇူလိုင်လ၊၂၀၁၅ခုနှစ်)

(၂.၃.၁.၅) သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

ဇယား(၁၆) လုံရုံးရွာသီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်မည့်အခွင့်အလမ်းများပြဇယား

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(ဇိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ)	ရှိ	ခဲမြဲဝဖကခန့်ရှိ-ရေများလွန်း၊ ခဲ့ကျဲ၊ မြေလွတ်-ကျောက်စရစ်ကုန်း ဝဖက
ရေဆာရင်းအမြစ်	ရှိ	ရွာ၏အနောက်ဘက်အသုံးမများသောချောင်းမှရေထပ်မံရရှိနိုင်။
သဘာဝမြေဆွေး၊သြဂဲနစ်		ရွာတွင်သုံးစွဲမှုမရှိ၊သဘာဝမြေဆွေးရစေမည့်ကျွဲ၊နွားမွေးမြူမှုနည်းပါးလာ။လယ်ယာလုပ်ငန်းများတွင်စက်အသုံးပြုမှု များလာ
သြဂဲနစ်ပိုးသတ်ဆေး	ရှိ	ရွာတွင်လက်ရှိသုံးစွဲမှုမရှိသေးသော်လည်းသုံးစွဲနည်းနှင့်ဝန်ဆောင်မှုများစသည်ကိုရှင်းလင်းနားလည်ပါကသုံးစွဲမှုရှိလာနိုင်သည်။
ချေးငွေရရှိမှု	ရှိ	လက်ရှိစိုက်ဘဏ်နှင့်သမချေးငွေများရရှိ၊ယာပုံစံဝဂ္ဂရှိသူများကိုစိုက်ဘဏ်ကဝဖကကို၂သောင်းချေးပေးသောသာဓကရှိ
သွင်းအားစုဈေးကွက်	မရှိ	မျိုးစေ့၊မြေဩဇာ၊ပိုးသတ်ဆေးစသည့်သွင်းအားစုများမှစ၍ ရောင်းချသည်အထိဝယ်လက်တစ်ဦးတည်းကိုသာအားထားနေရသည်။
ဝန်ဆောင်မှုဈေးကွက်	မရှိ	
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု		
အခြား(၁)		
အခြား(၂)		
အခြား(၃)		

ရည်ညွှန်း .. ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသောသတင်းအချက်အလက်များ (၂၀-၂၂ရက်၊ဇူလိုင်လ၊၂၀၁၅နှစ်)

ကြံစိုက်ပျိုးရေးအတွက် အရင်းအနှီးပိုလိုအပ်သည်ကို တွေ့ရှိရပါသည်။ ရေရသောနေရာ၌သာစိုက်၍ရပြီးကြံမျိုးကိုလက်ရှိတွင်ဆင်းရွှေလီကပေးထားပြီးမြေဩဇာ၊ ပလတ်စတစ်စသည်တို့ကိုကြိုထုတ်ပေး ထားပြီးရောင်းပြီးမှပြန်ဆပ်ရပါသည်။ ပထမနှစ်တွင်အရင်းသာရပြီး ဒုတိယနှစ်မှစပြီးအမြတ်ရသော် လည်းထွက်နှုန်းမှာပထမနှစ်တွင် ၃၅တန်တွက်ပြီးဒုတိယနှစ် တွင်၂၅တန်လောက်ထိထွက်နှုန်း လျော့သွားကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့်ငွေကြေးရင်းနှီးနိုင်သူများကသာစိုက်ပျိုးမှုများပါသည်။ ပြောင်းကိုမျိုးစေ့တစ်ထုတ်လျှင် ၂၀၀၀၀ကျပ်ဖြင့် ယူထားပါကပြောင်းပေါ်ချိန်ပြန်ဆပ်သောအခါ၂၅၀၀၀ကျပ် ဖြင့်ပြန်ဆပ်ပေးရပါသည်။ ပြောင်းကိုလှောင်ထား နိုင်ပါကပိုမို အမြတ်ကျန်နိုင်ပြီးလှောင်နိုင်သူ ၁၀ ဦး သာရှိပြီးကျန်သူများမှာအစိမ်းချိုးရောင်းရခြင်းကြောင့်အမြတ်နည်းသည်။ ထို့ပြင်ပိုက်ဆံချေးငှားစရာမလိုသူတို့အတွက် ပြောင်းကိုရွာထဲလာသောပွဲစားထံမရောင်းပဲနောင်ချိုရပ်စောက်- တောင်ကြီးကားလမ်းပေါ်ရှိကန်ကြီးရွာအောင်ချမ်း သာဈေးအထိသယ်ယူရောင်းချပါကဈေးပိုမိုရပါသည်။ ပိုက်ဆံချေးယူထားပြီးဈေးပိုရသည့်နေရာများ သို့ရောင်းချပါကနောင်တွင်အကြွေးမပေးတော့ချေ။ အိမ်ခြံဝင်းများအတွင်းတွင်ယခင်ကတည်းကသီးနှံစိုက်ပျိုးသောအလေ့မရှိခဲ့ရာမှပြောင်းက ဝင်ငွေရလာသောအခါအိမ်ခြံဝင်းအတွင်းပါ မကျန်စိုက်ပျိုးလာကြပါသည်။

(၂.၃.၁.၆)သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) လုံရုံးရွာသီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	
မြေယာအသုံးချနိုင်မှု	ရှိ	မြေအရည်အသွေးညံ့ပြီးသီးနှံအထွက်နှုန်းကျ၊ခဲမြောဝန်ကရေများလွန်း၊နွံကျဲ၊ကျောက်စရစ်ကုန်းမြေများကိုအသုံးချနိုင်ခြင်းမရှိ
ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု	ရှိ	ပွဲစား‌ထဲမှအတိုးနှုန်း၅မှ၁၀ % ဖြင့်ချေးငှားနေရ
သွင်းအားစုတင်နိုင်မှု	ရှိ	အများစုမှာမတတ်နိုင်၊ ပုလဲတစ်အိတ် ၂၀၀၀၀ ကွန်ပေါင်း၁၅၀၀၀၊ ပြောင်းမျိုးထုတ်တစ်ထုတ် ၂၀၀၀၀
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ	တခြားဒေသမှအလုပ်သမားသွားခေါ်ရ
ဆည်မြောင်းရေရရှိမှု		
မိုးရေမလုံလောက်မှု		
စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု	မရှိ	ချေးငှားဖြေရှင်းနေသည်။ကြိုယူထား
